# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားး၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကျင်းပ

## အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်

ရန်ကုန် မတ် ၉

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းများ စတင်စိုက်ပျိုး



ပွင့်ဖြူ မတ် ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် နွေနှမ်းကေသုံးသောင်းကျော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံတောင်သူများက နွေနှမ်းလျာထားစိုက်ဧက ပြည့်မီစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❒



**ယနေ့ မာ တိ ကာ**

**ပန်းစုံတောအလယ်မှာ ဂုဏ်ဝင့်ထည်နေသော ယွန်းပညာကောလိပ် (ပုဂံ)**
ဆောင်းပါး | စာ ၁၀

**ဂါဇာကမ်းမြောင်သို့ ပင်လယ်လမ်းကြောင်းမှ ကူညီမှုများပေးနိုင်ရေး လုပ်ဆောင်နေ**
နိုင်ငံတကာသတင်း | စာ ၁၃

**အောင်မြင်ခြင်းအတွက် စိတ်အာဟာရ**
ဆောင်းပါး | စာ ၁၆

## အခြေအနေနှင့်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရန်လို

နိုင်ငံတစ်နိုင်ငံ စီးပွားဖွံ့ဖြိုးရေး၊ ကြီးပွားချမ်းသာလာနိုင်ရေးအတွက် ရုပ်ဝတ္ထုပစ္စည်းများအပေါ် လူတို့၏ သဘောထားများ၊ အခွင့်အလမ်းဖန်တီးနိုင်မှုရှိသည့် အခြေအနေများနှင့် လူတို့၏ အားထုတ်မှုများကို လှုံ့ဆော်ပေးနိုင်သည့်အခြေအနေများ စသည့် အခြေခံလိုအပ်ချက်သုံးရပ်အပြင် လူတို့၏အလုပ်လုပ်လိုစိတ်နှင့် အလုပ်လုပ်နိုင်သည့်စွမ်းရည်တို့ လိုအပ်သည်ဟုဆိုသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရာ အထက်ဖော်ပြပါလိုအပ်ချက်များပြည့်စုံအောင် ဖန်တီးနိုင်သည့်နိုင်ငံများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကြီးပွားချမ်းသာမှုတို့ကို ရရှိနိုင်ကြသည်။

မိမိကိုယ်တိုင် ကြီးပွားချမ်းသာရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ် အလုပ်လုပ်ပါဟု တိုက်တွန်းရုံမျှဖြင့် အလုပ်လုပ်နိုင်သည့်အင်အားစုသည် လှုပ်ရှားလာမည်မဟုတ်ဘဲ အခြေအနေနှင့်အခွင့်အလမ်းတို့ကို ဖန်တီးပေးရမည်ဖြစ်သည်ဟု ပညာရှင်တို့က ဆိုသည်။ အလုပ်လုပ်နိုင်သည့် အင်အားစုများဆိုင်ရာဆိုင်ရာကဏ္ဍများတွင် အလုပ်လုပ်လာနိုင်စေသည့်အခြေအနေများ ဖန်တီးပေးရန်နှင့် ၎င်းတို့၏အစွမ်းအစများကို ဖော်ထုတ်အသုံးချလာနိုင်သည့်လမ်းကြောင်းများ ဖွင့်ပေးရန်လိုသည်ဟုဆိုသည်။ လူတို့သည် အခြေအနေကို ပို၍တုံ့ပြန်တတ်ပြီး တိုက်တွန်းနှိုးဆော်ခြင်းထက် အခြေအနေများကို ဖန်တီးပေးခြင်းက လူတို့၏အလုပ်ကို ပို၍စေ့ဆော်ပေးနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။

အခြေအနေအပေါ်လူတို့၏တုံ့ပြန်မှုနှင့် စပ်လျဉ်း၍ အရှေ့အာရှနိုင်ငံများဖြစ်သည့် ဂျပန်နှင့်တောင်ကိုရီးယားတို့၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များတွင် တွေ့ရှိနိုင်သည်။ ပဒေသရာဇ်ခေတ်ဟောင်းကာလက တံခါးပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့် ဂျပန်နိုင်ငံသည် ၁၉ ရာစုအလယ်ကာလတွင်နယ်ချဲ့စနစ်၏ အကျပ်ကိုင်မှုကြောင့် တံခါးဖွင့်ခဲ့ရပြီး ဘုရင်စနစ်ကိုမေဂျီခေတ်တွင် သွေးသစ်လောင်းခဲ့ရသည်။ နိုင်ငံကိုခေတ်မီနိုင်ငံအဖြစ် တည်ဆောက်ရန်အတွက် အမျိုးသားစိတ်ဓာတ်လည်း အားကောင်းစွာဖွံ့စည်းဖြစ်တည်လာခဲ့ကာ ၎င်းစိတ်ဓာတ်ဖြင့်ပင် ခေတ်မမီတော့သည့် ပဒေသရာဇ်စနစ်ပျက်သုဉ်းစေခဲ့သလို နိုင်ငံခေတ်မီရေး ဦးဆောင်မည့်ခေါင်းဆောင်သစ်များ ပေါ်ထွန်းလာစေခဲ့သည်။ နယ်ချဲ့အင်အားစုအကျပ်ကိုင်မှုကြောင့် အင်အားကြီးမားခေတ်မီသောနိုင်ငံတော်မဖြစ်မနေတည်ဆောက်ရမည်ဟူသည့် အမျိုးသားစိတ်ဖြစ်ပေါ်လာခြင်းမှ အစပြု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားကြီးမားသည့်တွန်းအားတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ခြင်းပင်ဖြစ်သည်။

ထိုနည်းတူစွာပင် ၁၉၆၀ ပြည့်လွန်နှစ်များအထိ ဖွံ့ဖြိုးမှုအဆင့်အတန်းလွန်စွာနိမ့်ကျခဲ့သော တောင်ကိုရီးယားသည်လည်း အတိတ်ကာလတွင် ပြည်ပနိုင်ငံများ၏ ကျူးကျော်လွှမ်းမိုးခံရမှု၊ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် နိုင်ငံနှစ်ပိုင်းခွဲခံရမှုတို့မှ ဖြစ်ပေါ်လာသည့် အမျိုးသားရေးစိတ်ဓာတ်က နိုင်ငံကိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ မဖြစ်မနေတည်ဆောက်ရန် စေ့ဆော်ခဲ့သည်။ ပြည်သူတစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ အသိအမြင်နှင့် ကာယ၊ ဉာဏစွမ်းအားများကို နိုင်ငံဖွံ့ဖြိုးရေးစိတ်ဓာတ်နှင့်ပေါင်းစပ်ကာ အစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ကြခြင်းဖြင့် မျက်မှောက်ကာလတွင် အံ့သြဖွယ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ရရှိနေခြင်းပင် ဖြစ်သည်။

လက်ရှိကာလတွင် မိမိတို့နိုင်ငံသည် ပြည်တွင်းနိုင်ငံရေးပဋိပက္ခများ၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ယနေ့မြန်မာပြည်သူလူထုတစ်ရပ်လုံး တွေ့ကြုံခံစားနေရသည့်အခက်အခဲ၊ အကျပ်အတည်းများ၏ ဇာစ်မြစ်မှာ နိုင်ငံရေးခေါင်းဆောင်အချို့၏ အမြော်အမြင်ကင်းမဲ့မှုမှ စတင်ခြင်းဖြစ်သည်။ မည်သို့ဆိုစေ နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် ဦးစားပေးဆောင်ရွက်ရမည့် အရေးဖြစ်သကဲ့သို့ တစ်ဖက်တွင် နိုင်ငံ့တည်ဆောက်ရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ရာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ပြည်သူတစ်ရပ်လုံးက နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်လာစေရန်အခြေအနေ၊ အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပွင့်ဖြူမြို့ ကံ့ကော်လမ်း ကတ္တရာလမ်းသစ်နှင့် ရွာသာကြီး ဆိုလာလျှပ်စစ် ရေတင်လုပ်ငန်း ဖွင့်လှစ်



ပွင့်ဖြူ မတ် ၉

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ပွင့်ဖြူမြို့ ကံ့ကော်လမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်မြို့နယ် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်တို့က (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကတ္တရာလမ်းသစ်မှာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် လမ်းအရှည်ပေ ၅၇၀၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မ ကတ္တရာလမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၂၃၈ ဒသမ ၈၀ ဖြင့် လုပ်ငန်းစုစုပေါင်း ၃၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ရွာသာကြီးကျေးရွာတွင် (၇၉) နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ရွာသာကြီး လျှပ်စစ်ရေတင်လုပ်ငန်း၌ ၂၁၅ ကီလိုဝပ်ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်း (ရွာသာကြီးလျှပ်စစ်ရေတင်လုပ်ငန်း) ကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒေသခံတောင်သူများ၏ သီးနှံစိုက်ပျိုး လယ်မြေဧက ၅၀၀ အတွက် ရာသီမရွေး စိုက်ပျိုးရေဖူလုံစွာဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မြို့နယ်တာဝန်ခံထံမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အိမ်မွေး တိရစ္ဆာန်ချစ်သူများအတွက် Yangon Pet Expo 2024 ပြသ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံ အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပံ့ပိုးကူညီမှု ဖြင့် Silver Sea International Ltd မှကြီးမှူး၍ Yangon Pet Expo 2024 နှင့် Myanmar Grand Dog Show 2024 ပြပွဲကို မတ် ၉ ရက်မှ ၁၀ ရက်အထိ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ပြသလျက်ရှိသည်။ Pet Expo ပြပွဲဖြစ်သည့်အတွက် မိမိချစ်ခင်သည့် Pet များကို ခေါ်ဆောင်လာနိုင်ပြီး အစားအစာများကို ဝယ်ယူကျွေးမွေးနိုင်အောင် စီစဉ်ထားသည်။ ထို့အပြင် တိရစ္ဆာန်နှင့်ပတ်သက်သည့် ဆေးဝါးများ၊ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ၊ ပြခန်းများ၊ ဆက်စပ်ပစ္စည်းအရောင်းပြခန်းများကို စိတ်ဝင်စားဖွယ်ရာ ပြသထားရာ ပရိသတ်များကြည့်ရှုလေ့လာကြသည်။ (ဓါတ်ပုံ)



အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၁၆ ခုတို့မှ ပြခန်းပေါင်း ၄၁ ခုတို့ဖြင့် ပြသကြသည်။ ထို့ပြင် SME ဆိုင်ခန်းပေါင်း ၁၅ ခန်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းရှင်များက ပြခန်း ခုနစ်ခန်းတို့လည်း ပါဝင်ပြသကြပြီး ပညာရှင်များ၊ ဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးနိုင်အောင်စီစဉ်ထားရှိကာ ပညာပေးဟောပြောပွဲကိုလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

ပြပွဲတွင် တိရစ္ဆာန် ပြိုင်ပွဲကိုထည့်သွင်းထားပြီး ပြပွဲလာပရိသတ်များကို Summer Travel Fair ကအပန်းဖြေခရီးစဉ်များကို ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးအပ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

❁ *ရွှေဖုံးမှ*

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောအစီရင်ခံစာနှင့်ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဓမ္မာစရိယ အဂ္ဂမဟာအကျော်ဥဘတောဝိဘင်္ဂရေ ဘဒ္ဒန္တပညာဝံသ၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇယန္တ၊ ရခိုင်ပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏတို့က လည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတ၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စ၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသတို့က လည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် မကွေးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကလျာဏ၊ ကချင်ပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥာဏဝံသ၊ ကရင်ပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာနန္ဒတို့ကလည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

**အတည်ပြုချက်ရယူ**

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ရွေးချယ်တင်မြှောက်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အစားထိုးရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ကို နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ ဖြစ်တော်မူကြသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အရိယာလင်္ကာရ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ အဖွဲ့ဝင်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ အဖွဲ့ဝင်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယ အဖွဲ့ဝင်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ အဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ အဖွဲ့ဝင်နှင့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ အကျိုးတော်ဆောင်အဖြစ် ဖွဲ့စည်းထားပါကြောင်း လျှောက်ထား၍ ကြီးကြပ်ရေးအဖွဲ့ထံ အခမ်းအနားကို လွှဲအပ်တော်မူသည်။



အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညိုစဉ်။

**ဩဝါဒကထာ မြွက်ကြား**

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့က အခမ်းအနားကို လက်ခံရယူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရွေးချယ်ပွဲအခမ်းအနားကို ကျင်းပရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအရိယာ လင်္ကာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တတေဇနိယ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလျှောက်ထားပြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဘဒ္ဒန္တအရိယာလင်္ကာရက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်များ ရွေးချယ်ခဲ့မှုများနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တတေဇနိယက ရှင်းလင်းလျှောက်ထားတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကို အဆိုတင်သွင်းမည့်အဆိုရှင်ကို ဖိတ်ခေါ်ရာ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရက လစ်လပ်လျက်ရှိသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဥက္ကဋ္ဌ နေရာအတွက် ရွေးချယ်ရာတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော်သည် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည့် အစဉ်အလာအရ ပရိယတ္တိ ဝိသာရဒဂုဏ်၊ ပိဋကတ္ထယဆေကဂုဏ်၊ ပိယဂုဏ်၊ ဂရုဂုဏ်၊ ဘာဝနီယဂုဏ်၊ ဗျတ္တပဋိဗလဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါရှိအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် တင်မြှောက်ပေးတော်မူပါရန် အဆိုတင်သွင်းသည်။

ယင်းအဆိုတင်သွင်းခြင်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍာဝုဓ က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် ဓမ္မပါရဂူကျောင်းတိုက်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာပါလက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒလန္တမ်းကျေးရွာ ဒလန္တမ်းကျောင်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ သာသနတက္ကသီလ ဓမ္မာစရိယ၊ B.A ဘဒ္ဒန္တဩဘာသက လည်းကောင်း၊ ဆရာတော်ဘဒ္ဒန္တဂုဏာလင်္ကာရ အဆိုပြုသော သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လက်ရှိအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးနှင့်တွဲဖက်၍ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ရှစ်နှစ်တိုင်တိုင် သံဃာ့အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက်ပြုခဲ့သည်ကို ထောက်ဆ၍လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လက်ရှိအကျိုးတော်ဆောင်သည် နိုင်ငံတော်အစိုးရနှင့် ဆရာဒကာ လက်တွဲညီစွာ သံဃာ့အဖွဲ့အစည်းကြီး ညီညွတ်ရေးနှင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို နှစ်ရှည်လများ ဆောင်ရွက်တော်မူခဲ့သည့်အပြင် မြန်မာနိုင်ငံရှိ သံဃာထုတစ်ရပ်လုံးသာမက ထေရဝါဒနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများကပါ အလေးဂရုပြုလေးစားကြည်ညိုမှုကို ခံယူရရှိတော်မူသော ကြောင့်လည်းကောင်း၊ သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ရန် ထောက်ခံကြရာ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူးဆရာတော်က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော်ကိုယ်စား သံဃာ့ဆန္ဒရယူ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် အတည်ပြုပေးတော်မူသည်။

**အတည်ပြုပေးတော်မူ**

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အတူ လက်တွဲသာသနာပြုမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တွင် လစ်လပ်သွားသော အကျိုးတော်ဆောင် ဆရာတော်နေရာအတွက် အဆိုတင်သွင်းပေးရန် ဖိတ်ခေါ်ခဲ့ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်အဖြစ် အဆိုတင်သွင်းတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသက ထောက်ခံတော်မူကာ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူး ဆရာတော်က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော်ကိုယ်စား သံဃာ့ဆန္ဒရယူ၍ အတည်ပြုပေးတော်မူသည်။

ဆက်လက်၍ အစီအစဉ်အရ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူးဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားတော်မူသည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဆက်လက်ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူးဆရာတော်က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ထံ အခမ်းအနား ပြန်လည်လွှဲအပ်တော်မူ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် အခမ်းအနားမှူးဆရာတော် ဘဒ္ဒန္တပညာဓဇက ပြန်လည်လက်ခံရယူတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် မိခင်ကြီး ဒေါ်တင်ဝင်းရီကို အမှူးထား၍ (ဦးမောင်မောင်ဆွေတင်) ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာမြသီတာဆွေတင် မိသားစုနှင့် ဦးငွေးနိုင်၊ ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ရီ မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

❒ *ရွှေဖုံးမှ*

ပွင့်ဖြူမြို့နယ်၌ ဒေသခံ တောင်သူများက ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစိုးရဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်နှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာ အသုံးချပြီး (နွေ၊ မိုးဆောင်း) တစ်နှစ်ပတ်လုံး ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံနှင့် ပန်းနှမ်းတို့ကို အားထား စိုက်ပျိုးကြကြောင်း သိရသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နွေနှမ်းစိုက်ပျိုးခြင်းကို မဲဇလီရေလွှဲဆည်ရေဖြင့် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်မြို့နယ်လုံး နွေနှမ်းစိုက်ဧက လျာထားမှုအနေနဲ့ဆိုရင် ၃၇၃၄၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီဒေသက နွေနှမ်းစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်။ ဒေသခံ တောင်သူတွေကိုလည်း နွေနှမ်းစိုက်ပျိုးရာမှာ သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့အတွက် နယ်မြေအလိုက် ကွင်းဝန်ထမ်းတွေက တောင်သူတွေကို နွေနှမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။ ဒေသခံတောင်သူတွေ အဓိကစိုက်ပျိုးတဲ့နှမ်းမျိုးတွေက ဈေးကွက်ရှိတဲ့ နှမ်းဖြူ၊ စမုံနက်၊ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ-၄ စတဲ့နှမ်းမျိုးတွေကို အများဆုံးစိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်တွင် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသတွင်းရှိ တောင်သူများ နွေစပါး၊ နွေနှမ်းနှင့် အခြားနွေသီးနှံ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် နွေစပါး စိုက်ပျိုးမည့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာရှိ လယ်မြေများအတွက် ဖေဖော်ဝါရီ ၁၆ ရက်ကစပြီး မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို စတင်ဖြန့်ဝေပေးထားကြောင်း၊ ယခုနွေနှမ်းစိုက်ပျိုးမည့်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာရှိလယ်ယာမြေများအတွက် မတ် ၇ ရက်က စိုက်ပျိုးရေများ ဖြန့်ဝေပေးထားပြီဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လာအိုနိုင်ငံ၌ကျင်းပသည့် အကြိမ်(၃၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်




**နေပြည်တော် မတ် ၉**

အကြိမ် (၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို လာအိုနိုင်ငံ လွှန်ပရာဘန်မြို့၌ မတ် ၈ ရက်မှ ၉ ရက်အထိ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေပိုင်းက အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး အကြိုညစာစားပွဲသို့ တက်ရောက်ပြီး ယနေ့တွင် အကြိမ် (၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စ်တေနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ စီးပွားရေးအကြံပေးကောင်စီ အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကြံပြုချက်များ တင်ပြ**

အစည်းအဝေးပထမပိုင်းတွင်အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့ မျက်နှာစုံညီ အစည်းအဝေးကို ပြုလုပ်ပြီး အဆိုပါ အစည်းအဝေးတွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီက ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေး အကြံပြုချက်များကို တင်ပြကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများက (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၏ ရလဒ်များအရ အာဆီယံစီးပွားရေးမဏ္ဍိုင်မှ ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများ၊ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေး၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ၊ ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်ရမည့် နှစ်အလိုက် အေအီးစီ ဦးစားပေးလုပ်ငန်းစဉ်များ၊ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရေး ကိစ္စများ၊ အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရေရှည်တည်တံ့မှုနှင့် စပ်လျဉ်း၍ အာဆီယံမှ ဆောင်ရွက်လျက်ရှိသည့် ကနဦးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ လမ်းပြမြေပုံ အကောင်အထည်ဖော်မှုအခြေအနေနှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အရ အာဆီယံစီးပွားရေး အသိုက်အဝန်းမှ မဟာဗျူဟာလုပ်ငန်းစဉ်ရေးဆွဲရေးကိစ္စများ၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များတွင် ထည့်သွင်းပြဋ္ဌာန်းလာသည့် အသစ်နှင့် ပေါ်ထွန်းဆဲကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လေ့လာမှု၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကောင်အထည်ဖော်မှုတို့အပေါ် ဆွေးနွေးခြင်း၊ လမ်းညွှန်မှုပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့ပြင် အစည်းအဝေးကာလအတွင်း ဝန်ကြီးများက စည်းနှောင်မှုမရှိသည့်ပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အာဆီယံဝန်ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်ကို အတည်ပြုကြသည်။

**ဆက်လက်ထိန်းသိမ်းရန် အရေးကြီး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို အခြားအာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ အတည်ပြုကြောင်း၊ ယင်းဦးစားပေးလုပ်ငန်းများသည် လက်ရှိအချိန်အခါနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် သက်ရောက်မှုများ၊ ဖြေရှင်းရမည့်နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှုများကို ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန်အတွက် စေ့စပ်ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အထောက်အကူပြုယူနစ် တည်ထောင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံ၏ တန်းတူညီမျှမှု၊ အပြန်အလှန်တာဝန်ဝတ္တရားနှင့် အာဆီယံအချက်အချာကျမှု (Centrality) ကို ဆက်လက်ထိန်းသိမ်းရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ တက်ရောက်သည်။

ဝန်ကြီးများအဆင့် အစည်းအဝေးအတွက် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

**အဓိကထားဆွေးနွေး**

ယင်းအစည်းအဝေးသည် ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် စီးပွားရေး(Circular Economy)၊ ကာဗွန်လျှော့ချရေး (Carbon Neutrality)၊ အပြာရောင် စီးပွားရေး (Blue Economy)၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Supply Chain) သို့ဝင်ရောက်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးပေါင်းစည်းမှု ကိစ္စရပ်များကို အဓိကထားဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှုအားပေး

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၉ ရက် နံနက်ပိုင်းက ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေ ပြည်သူများ၏ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများအား လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဖော်ခြင်း၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ရှင်းလင်းခြင်း အစရှိသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယာဉ်၊ ယန္တရားများ အသုံးပြုဆောင်ရွက်နေခြင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါကျောင်းများ၌ စာသင်ခန်း၊ စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိ/မရှိနှင့် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ကြည့်ရှုစစ်ဆေးကာ မုန့်ဈေးတန်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သန့်စင်ခန်းများ ပြည့်စုံလုံလောက်မှု ရှိစေရေးနှင့် စာသင်ကျောင်းများကို သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းများအဖြစ် အစဉ်ဖန်တီးပေးကြရန် မှာကြားကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံပညာရေး ဒီဂရီကောလိပ် အားကစားကွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော နွေရာသီ အခြေခံအားကစားသင်တန်း Fitness Dance နှင့် မြန်မာ့သိုင်းသင်တန်း သင်ကြားလေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၈၉) မင်းဇီတောင်သူကွင်း၌ နေကြာ၊ မြေပဲ၊ ပဲပုပ်၊ နှမ်း၊ ပဲတီစိမ်း ဆောင်းဆီထွက်သီးနှံ ဧက ၅၀၀ သီးညှပ်စိုက်ခင်းအား ကြည့်ရှုအားပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ် ဘောလုံးအသင်းအား မတ် ၈ ရက် မွန်းလွဲ ၃ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ကရင်ပြည်နယ်အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးအသင်းထံသို့ အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ပြီး ကရင်ပြည်နယ် ဘောလုံးဆပ်ကော်မတီ၊ ဘောလုံးအဖွဲ့ချုပ်နှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စားသုံးဆီဖူလုံစေရေး ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ဇုန်အလိုက် စိုက်ပျိုးမည့်အစီအစဉ်အား ၂၀၂၄-၂၀၂၅ ခုနှစ်မှစတင်၍ ဆောင်ရွက်မည်

**နေပြည်တော် မတ် ၉**

ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများကို ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဇုန်တာဝန်ခံများ၊ ဌာနတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**နှစ်သိန်းနှင့်ညီမျှသည့် သွင်းအားစုများထောက်ပံ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွင်း စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းဖူလုံမှုရှိစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံများ စိုက်ပျိုးရမည့်ပမာဏအတိုင်း စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်း၏ ရှေ့ပြေးလုပ်ငန်းစဉ်ကို ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံ သုံးမျိုးကို နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးသည့်စနစ်ဖြင့် စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ ချေးငွေပံ့ပိုးမှုအနေဖြင့် မြေပဲ တစ်ဧကလျှင် ငွေကျပ် သုံးသိန်း၊ နှမ်း တစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၅ သိန်းနှင့် နေကြာ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့် ညီမျှသည့် သွင်းအားစုများထောက်ပံ့ပြီး ဆီစက်လုပ်ငန်းရှင်များနှင့် စာချုပ်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိကြောင်း။

**အထူးဇုန်လျာထားကာ ပြည့်မီရေး**

လာမည့် မိုးနှင့်ဆောင်း ဆီထွက်သီးနှံများ ပိုမိုထွက်ရှိအောင်မြင်စေရန်အတွက် ဆီထွက်သီးနှံ အထူးအထွက်တိုးဇုန်များသတ်မှတ်၍ ဇုန်တာဝန်ခံများ ခန့်အပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆီထွက်သီးနှံ အထူးအထွက်တိုးရေး ဇုန်တာဝန်ခံများ၏ လုပ်ငန်းတာဝန်များအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ အထူးဇုန်လျာထားကာ ပြည့်မီရေးအတွက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်တိုင်းတွင် အချိန်မီဆောင်ရွက်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ စီမံကိန်းအကောင်အထည်ဖော်သည့် အဖွဲ့များကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊ လိုအပ်သည့် မျိုးစေ့၊ သွင်းအားစု၊ ထွန်ယက်ရေးနှင့် စိုက်ပျိုးရေတို့ကို သီးနှံအတွက် လိုအပ်ချိန်တွင် ပံ့ပိုးပေးနိုင်ရေး၊ အထူးဇုန်အလိုက် စိုက်ဧရိယာများတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ခြင်း၊ ဆီထွက်သီးနှံ အထူးဇုန် စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက်ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများ ဈေးကွက်ရရှိရေး စသည့်လုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်ထားရှိကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ ဇုန်တာဝန်ခံများက ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးများက သုံးသပ်ဆွေးနွေးကြပြီး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**အရည်အချင်းအလိုက် စိစစ်ရွေးချယ်**

၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ပြည်တွင်းစားသုံးဆီလိုအပ်ချက်ပြည့်မီစေရေး ရည်မှန်းချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးစီမံချက်များရေးဆွဲ၍ ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်ရေး၊ စားသုံးဆီဖူလုံစေရေး အစီအမံများ လျာထားဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)ဇုန်အလိုက်စိုက်ပျိုးမည့် အစီအစဉ်အား ၂၀၂၄-၂၀၂၅ ခုနှစ်မှ စတင်၍ ဆောင်ရွက်မည်ဖြစ်သည်။ အထူးအထွက်တိုးရေးဇုန်များ သတ်မှတ်ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းပညာပြည့်စုံကောင်းမွန်စေရန်နှင့် တောင်သူများကို အကြံဉာဏ်များ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများအား အရည်အချင်းအလိုက် စိစစ်ရွေးချယ်၍ တာဝန်ပေးအပ်ထားပြီး တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှု၊ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုတို့ဖြင့် ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်တွေမြို့ပေါ်ရှိ စာစစ်ဌာနများသို့ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည်

**စစ်တွေ မတ် ၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ် ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ စီစဉ်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်ကြည့်ရှုပြီး အဆိုပါ စာစစ်ဌာနတွင် တာဝန်ထမ်းဆောင်ကြမည့် ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် ဆရာ ဆရာမများအား ကျောင်းအုပ်ဆရာကြီးရုံးခန်း၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများသည် ဒေသအခြေအနေကြောင့် စစ်တွေမြို့သို့ စာမေးပွဲဖြေဆိုရန် လာရောက်လျက်ရှိကြောင်း၊ ထိုသို့လာရောက်နေခြင်းသည် ပညာရေးကို အလေးထားဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုရန် ရောက်ရှိလာကြသော ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရန် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျန်းမာရေးကအစ လိုအပ်သော အုပ်ချုပ်ထောက်ပံ့ကိစ္စများကို ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဦးဘထွီးစိန်က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက စာမေးပွဲစစ်ဆေးစဉ်ကာလအတွင်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၃၄၅ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲစစ်ဆေးရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည့် ကဏ္ဍများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်အတွင်း စာသင်ဆောင်များတွင် ပေါင်းစည်း စာစစ်ဌာနများ ဖွင့်လှစ်ကာ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာဖြေခန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

တင်ထွန်း(ပြန်/ဆက်)

# မြောင်းမြမြို့နယ် ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလားကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီး

**နေပြည်တော် မတ် ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြောင်းမြမြို့နယ် ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလားကျေးရွာအား ဆက်သွယ်ပေးမည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၆၅၅ ဒသမ ၁၄၄ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးနှင့် အခြေခံလူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် ရည်ရွယ်ပြီး အဆိုပါလမ်းကို စီမံကိန်းရေးဆွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသည် ယခင်သွားလာရန်ခက်ခဲသော ကျောက်ကြမ်းလမ်းဖြစ်ပြီး နှစ်ပေါင်း ၈၀ ကျော်ခန့်က ကျောက်ခင်းထားသော လမ်းတစ်လမ်းဖြစ်သည်။ လမ်းတစ်လျှောက်တွင် ကျေးရွာများတည်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှုဦးစီးဌာန၏ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသော သမိုင်းဝင်ရွှေဂူကြီးဘုရားနှင့် စေတီပုထိုးများ တည်ရှိသောနယ်မြေလည်း ဖြစ်သည်။ **သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရေအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr.Massimo Sarti အား လက်ခံတွေ့ဆုံ



**ရန်ကုန် မတ် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အီတလီနိုင်ငံ University of March မှ ရေအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr.Massimo Sarti အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိသာသနာရေးဦးစီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယခင်ကရှိခဲ့သည့် ရေလမ်းကြောင်းများ၊ ရေစုကန်နှင့် ရေစစ်ကန်များမှာ အနည်များ ပို့ချမှုကြောင့် ရှေးဟောင်းအဆောက်အအုံများတွင် ရေဝပ်၊ ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နောင်အလားတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ရှေးဟောင်းအဆောက်အအုံများ မထိခိုက်စေရန်အတွက် ရေလမ်းကြောင်းနှင့် ရေကန်များရှိ ပို့ချနေသောအနည်များကို ဖယ်ရှား၍ တူးဖော် ထိန်းသိမ်းပြုပြင်ရန် ဆောင်ရွက် လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး Dr. Massimo Sarti က ရေတွင်း၊ ရေကန်၊ ချောင်း၊ အင်း စသည်တို့နှင့် ပတ်သက်၍ Grading (Identified) ခွဲခြားရန်၊ Detail Assessment ထပ်မံပြုလုပ်ရန်၊ ရေဝင်၊ ရေထွက် လမ်းကြောင်းများ မြေပုံရေးဆွဲရန်၊ ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရေကန်၊ ဆည်များ ပြန်လည်တူးဖော်ထုတ်ရန်၊ ရေကန်များ၊ ချောင်းများ အပြန်အလှန် ချိတ်ဆက်မှု မရှိသည့်အတွက် ပြန်လည်သက်ဝင်လှုပ်ရှားလာအောင် ဆောင်ရွက်ရန်၊ ရှေးဟောင်းရေကန်များ တူးဖော်ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ လျာထားစီမံ ဆောင်ရွက်ထားရှိမှု၊ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပုဂံခေတ် ရေစီမံခန့်ခွဲမှုနှင့် ရှေးဟောင်းရေကန်နှင့် ရေလမ်းကြောင်းများ၊ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနေမှုများကို ကွင်းဆင်းလေ့လာအကြံပြုသွားမည် ဖြစ်ကြောင်း ဆွေးနွေးသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် နွေရာသီသင်တန်း၊ ပုံနှိပ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စာဆိုဗိမာန်တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုခန်းမ၌ ကျင်းပသော ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးနည်း သင်တန်းနှင့် အခြေခံပုံတူပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို ကြည့်ရှုစဉ်။

ဒုတိယဝန်ကြီးက သင်တန်းဖွင့် အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူထုအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများအား ဗလငါးတန်ပြည့်ဝရေးအတွက် သင်တန်းများ ဖွင့်လှစ်မှုကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်အသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် မိဘပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အနာဂတ်တွင် နိုင်ငံ့အင်အားများဖြစ်သည့် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သော၊ အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များဖြစ်အောင် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ ဖြစ်စေရန် ကောလာဟလနှင့် မဟုတ်မမှန် ထုတ်လွှင့်ရေးသား ဖော်ပြနေကြသည်များကို သတိထားဆင်ခြင်ကြရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို သေချာလေ့လာပြီး နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာတွင်လည်း ဆောင်ရွက်နေကြကြောင်း၊ လိုအပ်ချက်အရ ပြဋ္ဌာန်းဆောင်ရွက်ရခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် လိုအပ်သလောက်ကိုသာ စစ်မှုထမ်းရန်နှင့် လတ်တလော အမျိုးသမီးများအား စစ်မှုထမ်းရန် ခေါ်ယူမည့် အစီအစဉ် မရှိသေးကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိနေသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည့် အခြေအနေများနှင့် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးနည်း သင်တန်းတွင် လောကနတ်ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ ဦးအေးမင်းအဖွဲ့က လေ့ကျင့်သင်ကြားပြသပြီး မြို့နယ်ဌာနဆိုင်ရာများမှ သင်တန်းသား ၂၉ ဦး တက်ရောက်လျက်ရှိသည်။ အခြေခံပုံတူရေးဆွဲနည်း သင်တန်းတွင် မြို့နယ်ပန်းချီပန်းပုအစည်းအရုံး အတွင်းရေးမှူး ဦးရူပါအဖွဲ့က သင်ကြားပေးပြီး ကျောင်းသားကျောင်းသူ ၃၀ တက်ရောက်ကြကာ အဆိုပါသင်တန်းများကို မတ် ၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ပြီးစီး၍ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ ချုပ်လုပ်ထုပ်ပိုးခြင်းများ အပြီးသတ်ဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာများမှအပ်နှံသော ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ ကုန်ကြမ်းများ အလေအလွင့်မရှိစေရေး၊ စက်များ ကြံ့ခိုင်ရေး ဆောင်ရွက်ရာတွင် စနစ်တကျစစ်ဆေးပြီး အမှားအယွင်းမရှိအောင် ဆောင်ရွက်ရေး၊ သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများကို သတိပြုကြတ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး နိုင်ငံတော်ပြန်တမ်းများ ပုံနှိပ်ချုပ်လုပ်နေမှု၊ ဌာနဆိုင်ရာများမှ အပ်နှံသောပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကုန်ကြမ်းပစ္စည်းများ ထားသိုမှုတို့ကို စစ်ဆေးကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ စာဆိုဗိမာန် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ကြိုတင်စီစဉ်ဆောင်ရွက်ရန် ရှိသည်များကို မှာကြားသည်။

ထို့နောက် စာပေဗိမာန် စာအုပ်အရောင်းဆိုင်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ စာအုပ်ဝယ်ယူသူများ၏ ဆန္ဒကို အတတ်နိုင်ဆုံး ပြည့်ဝအောင် ဝန်ဆောင်မှုကောင်းများဖြင့် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး အခြေခံပညာကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်ပြင်ဆင်ထားရှိမှု ကွင်းဆင်းစစ်ဆေး



**လယ်ဝေး မတ် ၉**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ဖြေဆိုမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက မတ် ၈ ရက်တွင် စာစစ်ဌာန ဖွင့်လှစ်ထားသည့် ကျောင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**

ထိုသို့ စစ်ဆေးရာတွင် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်တိုင်းပညာရေးမှူး ဒေါက်တာ ကျော်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်၊ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနများအနက် အ.ထ.က(သပြေပင်)နှင့် အ.ထ.က (၂) စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လုံလောက်သော အလင်းရောင်ရရှိရေး၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ စာဖြေခန်းများအတွင်း စာရေးခုံ၊ ထိုင်ခုံများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်တို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**

# ကုန်ပစ္စည်းအမယ်သစ်များ ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုနှင့် ဈေးကွက်သုတေသနများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်သွားရမည်

နေပြည်တော် မတ် ၉

**ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME အရောင်းပြခန်းများတွင်ခင်းကျင်းပြသရောင်းချခဲ့သည့် ထုတ်ကုန်များ၊ တန်ဖိုးမြှင့် ထုတ်ကုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် MSME Agency ဥက္ကဋ္ဌ ဦးဇေယျာလင်း၊ Agency အတွင်းရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် MSME Agency အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးများက Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စီးပွားရေးရာကော်မတီ အစည်းအဝေးတွင် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များမှ ထွက်ရှိသည့်ထုတ်ကုန်များ၏ ထုတ်လုပ်မှုကွင်းဆက်အလိုက် တန်ဖိုးမြှင့်တက်လာမှုအခြေအနေနှင့်ပတ်သက်၍ လေ့လာတင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီး/ ပြည်နယ်များရှိ အေဂျင်စီဥက္ကဋ္ဌများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးရန် လမ်းညွှန်ခဲ့သဖြင့် ယခုအခမ်းအနားကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

(၇၇)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တန်ဖိုးမြှင့်ထုတ်ကုန်များကို ခင်းကျင်းပြသရောင်းချခဲ့ပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းဖြင့် အသားတင်အမြတ်ရရှိသကဲ့သို့ ထုတ်လုပ်မှုအဆင့်ဆင့် တိုးမြှင့်သွားသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်လာကာ ထုတ်ကုန်၏တန်ဖိုးသည် မူလတန်ဖိုးထက် မြင့်တက်သွားသောကြောင့် ဝင်ငွေ (Revenue) ပမာဏများလာကြောင်း၊ ဈေးကွက်တွင်း ရောင်းဝယ်မှုတန်ဖိုး (Trade Value) တိုးလာမည်ဖြစ်ပြီး တိုင်းပြည်၏ စုစုပေါင်း ထုတ်ကုန်တန်ဖိုး (GDP) ကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ဦးစားပေးထုတ်ကုန်များအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်မှုစွမ်းအားများ မြှင့်တင်ခြင်းအစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် ထပ်မံလိုအပ်သည့် သွင်းအားစုများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်အရန်ပစ္စည်းများကို ဖော်ထုတ်သတ်မှတ်ပြီး ပံ့ပိုးပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထိုစက်ကိရိယာများကို ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းနိုင်မည့် ကျွမ်းကျင်လုပ်သားများကိုလည်း လိုအပ်ချက်များနှင့်အညီ လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ဦးစားပေး ထုတ်ကုန်များ ထုတ်လုပ်သည့်ကဏ္ဍများတွင်လည်း ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး အစီအစဉ်များနှင့် MSME ချေးငွေများကို ဦးစားပေး ပံ့ပိုးပေးရေးအစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းအမယ်သစ်များ ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုနှင့် ဈေးကွက်သုတေသနများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် MSME Agency အတွင်းရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အမျိုးအစားများနှင့် တန်ဖိုးမြှင့်ထုတ်ကုန် အမျိုးအစားများနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက္ကူစက်ရုံ (ရေနီ)ရှိ ခေတ်ခွဲခန်းသုံး စက်ကိရိယာများဖြင့် ကောက်ရိုးမှ ပျော့ဖတ်စမ်းသပ်ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးက (၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲကျင်းပခဲ့မှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ခင်းကျင်းပြသခဲ့မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို မတည်ထူထောင်ထားရှိကြောင်း၊ MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များကိုသာ ထုတ်ချေးပေးနိုင်ရေး စိစစ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် Work Plan ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေတွင် သစ်သီးဝလံများ၊ သစ်တောထွက်ပစ္စည်းများ၏ အခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်လျက်ရှိကြောင်း၊ နိုင်ငံအတွက် လိုအပ်သောထုတ်ကုန်များကို ထုတ်လုပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လျက်ရှိကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောနည်းပညာ၊ အရင်းအနှီးများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဖြည့်ဆည်းပေးရမည့် အခြေအနေ၊ MSME လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အခြေအနေကို ဆွေးနွေးညှိနှိုင်းကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ အေဂျင်စီအဖွဲ့ဝင်များသည် ကောက်ရိုးမှ စက္ကူထုတ်လုပ်သည့် နည်းစဉ်အဆင့်ဆင့်ကို လေ့လာရာ တာဝန်ရှိသူက အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး မတ် ၉**



မကွေးတိုင်း ဒေသကြီးအတွင်း မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်တို့မှ တရားရေးအရာရှိ စုစုပေါင်း ၃၂ ဦး တက်ရောက်ပြီး Online Virtual စနစ်ဖြင့် ၄၄ ဦး တက်ရောက်သည်။

ရှေးဦးစွာ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်က ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်စေရေး၊ မြန်မာ့စီးပွားရေးဘဏ်မှ တရားစွဲဆိုခဲ့သောအမှုများ၊ အခြားပုဂ္ဂလိကဘဏ်များမှ စွဲဆိုသောအမှုများ အမြန်ပြီးပြတ်စေရေးနှင့် တရားသူကြီးများ အနေဖြင့် တရားသူကြီးကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ကြောင်း တို့ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများဖြစ်ကြသည့် ဒေါ်သင်းသင်းချို၊ ဒေါ်ခင်နှင်းထွဋ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်တို့က မှုခင်းကျဆင်းရေးကိစ္စနှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် တက်ရောက်ကြသည့် ခရိုင်တရားသူကြီးများက မိမိတို့ ခရိုင်နှင့် မြို့နယ်များအတွင်း မှုခင်းကျဆင်းရေး ကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က လိုအပ်သည်များကို ဆွေးနွေးမှာကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ မတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော မိတ္ထီလာ - ကျောက်ပန်းတောင်းလမ်းမှ အိုင့်- သနပ်အိုင့်လမ်းသို့ ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများသွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကျေးရွာလေးရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းအသုံးပြုနေသည့် မိတ္ထီလာ- ကျောက်ပန်းတောင်းလမ်းမှ အိုင့်- သနပ်အိုင့်လမ်း အရှည် ၁ ဒသမ၂၀၅ ကီလိုမီတာ၌ ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အိုင့်၊ သနပ်အိုင့်၊ ကျောက်တိုင်၊ ကမ္ဘကျေးရွာများမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ပစ္စည်းစီမံရေးဌာန ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၀၀) အနီး၌ ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မီတာစမ်းသပ်စစ်ဆေး ဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယခုအခါတွင် မီးသုံးစွဲသူများပြားလာသည့်အတွက် မြန်မာပြည် အထက်ပိုင်းနှင့်အလယ်ပိုင်းတွင် အသုံးပြုရန် လိုအပ်သောမီတာများကို စမ်းသပ်စစ်ဆေးပြီး အချိန်နှင့် တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့တွင်သာမက နေပြည်တော်တွင်လည်း ဖွင့်လှစ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မီတာများအတွက် မီတာစမ်းသပ်မှုများပြုလုပ်ရန် စမ်းသပ်ကိရိယာများ ရောက်ရှိနေပြီဖြစ်၍ ယင်းလုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပစ္စည်းလိုအပ်ချက်၊ လူလိုအပ်ချက်များကို နှစ်လအတွင်း စတင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်း၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆောင်ရွက်ရာတွင်လည်း မီတာများ၏ သတ်မှတ်အရည်အသွေးနှင့် လုံခြုံမှုရှိစေရန် စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားကာ မီတာများ စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် စက်ကိရိယာများ တပ်ဆင်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ်ရှိ နေပြည်တော်တိုင်းလျှပ်စစ် အင်ဂျင်နီယာရုံး၏ ပစ္စည်းစီမံရေးဌာန (စတို)သို့ ရောက်ရှိပြီး စတိုအတွင်း ထားသိုမှုများကိုလည်း သတ်မှတ်ထားမှုအတိုင်း ဆောင်ရွက်ရန်၊ စာရင်းရေးသွင်းမှုကို အမြဲတမ်း Update ဖြစ်နေရန်၊ နှစ်ကြာနေသည့် ပစ္စည်းများကို ဘုတ်အဖွဲ့ဖွဲ့၍ ၎င်းတို့မှ ဆယ်တင်ပစ္စည်းနှင့် ဖျက်ဆီးသင့်သည့် ပစ္စည်းများကိုခွဲ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် မှာကြားပြီး စတိုအတွင်း ထိန်းသိမ်းထားရှိသည့် စီမံကိန်းလုပ်ငန်းများအတွက် အသုံးပြုရန် စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လက်ရှိ ဓာတ်အားထုတ်လုပ်နေမှုကို တိုးတက်မထုတ်လုပ်နိုင်သေးမီကာလတွင် မြို့နယ်များ၌ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ရည်မှန်းချက်ထားဆောင်ရွက်ရန်၊ ဓာတ်အားခကြွေးကျန်များ လျော့နည်းစေရေးနှင့် ဓာတ်အားခများ မှန်ကန်စွာ ကောက်ခံရရှိရေး ဝန်ထမ်းများအားလုံး ကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့ဌာနအနေဖြင့် အများပြည်သူနှင့်ဆက်ဆံ၍ ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သဖြင့် ယဉ်ကျေးပျူငှာစွာဆက်ဆံပြီး တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ငွေများကို ချီးမြှင့်ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။(ဓါတ်ပုံ)

**သတင်းစဉ်**

## ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှုသဘောတူစာချုပ်အရ ရန်ပုံငွေစီမံအုပ်ချုပ်မှုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၉

**ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်အရ သုတေသနရန်ပုံငွေစီမံအုပ်ချုပ်မှု ကော်မတီအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။**(ယာပုံ)



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငါးလုပ်ငန်းဆိုင်ရာ သုတေသန ရန်ပုံငွေ ထူထောင်ဆောင်ရွက်ခဲ့မှု၊ လက်ရှိလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးကြသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ လက်မှတ်ရေးထိုးခဲ့သော ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်အရ တနင်္သာရီတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များ၏ ပြည်ပတင်ပို့သည့် ရေထွက်ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးမှ ၀ ဒသမ ၅ ရာခိုင်နှုန်း သုတေသန ရန်ပုံငွေအဖြစ် ကောက်ခံခဲ့ရာ ၂၀၂၄ ခုနှစ် မတ်လအထိ ငွေကျပ်သိန်းပေါင်း ၂၅၇၀၀ ကျော် ရရှိပြီးဖြစ်သည်။

ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးဆိုင်ရာသုတေသနလုပ်ငန်းများကို ရန်ပုံငွေ စီမံအုပ်ချုပ်မှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ချင်းခရု (Hard Clam) ပျံ့နှံ့တည်ရှိမှုကို အကဲဖြတ်ဆန်းစစ်ပြီး ရေရှည်စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊ ကလွင်စခန်းအား ငါးမွေးမြူရေး အလေ့အကျင့်ကောင်းကျီအေကျူပီ (Good Aquaculture Practices – GAqP) Model Farm တည်ဆောက်ရေး စီမံကိန်း၊ ရေသတ္တဝါများ၏ ရောဂါဖြစ်ပွားမှု အခြေအနေများကို သုတေသနပြု စမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး သုတေသနဦးစီးဌာနက မွေးမြူသုတေသန (ကျွန်းစု) စခန်း အဆင့်မြှင့်တင်ခြင်း၊ ကျောက်ငါး (Greasy grouper) မျိုးငါးကြီးများကို မျိုးဥနှင့် မျိုးရည်များ ဖွံ့ဖြိုးလာစေရန် မတူညီသော အစာ၊ ဆေးဝါးများနှင့် စမ်းသပ်သုတေသနပြုခြင်း၊ ငါးပါးနီ (Lutjanus sp) (red snapper) ငါးများကို မျိုးဥနှင့် မျိုးရည်များ ရင့်ကျက်လာစေရန် မတူညီသော အစာ၊ ဆေးဝါးများဖြင့် စမ်းသပ်သုတေသနပြုခြင်း လုပ်ငန်း၊ Seabass (Lates calcarifer) ကကတစ် သားပေါက်များကို မတူညီသော အစာနှင့် စမ်းသပ်သုတေသနပြုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြိတ်တက္ကသိုလ်က တာဝန်ယူကာ မြိတ်မြို့ဝန်းကျင်ရှိ ခရု၊ ကမာ ထုတ်လုပ်မှုများကို လေ့လာခြင်း၊ နည်းစနစ်ကျနသောအသားတိုးမွေးမြူခြင်းနှင့် သားဖောက်မွေးမြူခြင်းတို့ကို သုတေသနပြုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**







## နှစ် (၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်



**ပေါင် မတ် ၉**

၂၀၂၄ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ် (၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်(မြောက်) ကျေးရွာအုပ်စု စက်မှုလယ်ယာမြေ စနစ်ကျလယ်ယာမြေ စီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးတို့က နှစ် (၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားမှတ်တမ်းကျောက်ပြားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်ပြီး စက်မှုလယ်ယာဦးစီးဌာန အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ စီမံကိန်းတာဝန်ခံက စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧက ဖော်ထုတ်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစားပေးကဏ္ဍအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း စာနပ်ရိက္ခာ ဖူလုံမှုရှိစေရန်အတွက် ဆန်စပါးစိုက်ပျိုးခြင်းအပြင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများအတွက် ဘက်စုံနည်းပညာသုံး စံပြစိုက်ကွက်များဖော်ဆောင်၍ စိုက်ပျိုးသည့် နည်းစနစ်များ၊ သွင်းအားစုများကိုလည်း အဘက်ဘက်မှ ထောက်ပံ့ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လယ်ယာကဏ္ဍ အကောင်အထည်ဖော်ဆောင်ရာတွင် အလုပ်သမား ရှားပါးမှု၊ လုပ်ခစရိတ် ကြီးမြင့်မှု၊ အထွက်နှုန်းနည်းပါးမှု အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် လယ်ယာမြေများကို ကေကွက်ကျယ်ဖြစ်အောင်ပြုပြင်ပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပေါင်မြို့နယ် ရင်းငြိမ်(မြောက်) ကျေးရွာအုပ်စုရှိ ဖော်ထုတ်ပြီး စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆိုပါ လယ်ယာမြေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်၍ အပတ်စဉ် မြို့/ရွာ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ပဲခူး မတ် ၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းအား မတ် ၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့၊ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် မဟာကလျာဏီသိမ်တော်ကြီး စာသင်တိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုအား သွားရောက် ကြည့်ရှုအားပေးခဲ့ပြီး (ဝဲပုံ)ရှေးဟောင်းဘုရားစေတီပုထိုးများအား သန့်ရှင်းရေးပြုလုပ်ပြီးပါက ထုံးသင်္ကန်းနှင့် ရွှေဆေးများ ပြန်လည်ကပ်လှူ ပူဇော်ရန်၊ ရေတွင်း ရေကန် အဟောင်းများ ပြန်လည်တူးဖော် ပေးရန်နှင့် လိုအပ်သည်များ ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကားလမ်း (ဝဲ/ယာ)၊ မီးရထားလမ်း (ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်း(ဝဲ/ယာ)၊ အများနှင့် သက်ဆိုင်သောပန်းခြံများနှင့် သောက်သုံးရေကန်တို့တွင် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပေါင်းစုအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အာဟာရပြည့်ဝသော တိရစ္ဆာန်အစာကျွေးမွေးနိုင်ရန် နည်းပညာပေးလက်တွေ့သရုပ်ပြ

**နေပြည်တော် မတ် ၉**

စားကျက်အခက်အခဲရှိသည့် ဒေသများနှင့် တိရစ္ဆာန်အစာ အစိုမရနိုင်သော ခြောက်သွေ့ကာလတွင် အာဟာရပြည့်ဝသော တိရစ္ဆာန်အစာကျွေးမွေးနိုင်ရန် တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်းနှင့် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲကို မတ် ၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိနို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ၌ ကျင်းပသည်။

မွေးမြူရေးတိရစ္ဆာန်များ ကြီးထွားဖွံ့ဖြိုးမှုနှင့် အသားထွက်ရှိမှု မြင့်မားပြီး မွေးမြူရေးတောင်သူများအတွက် ဝင်ငွေအကျိုးအမြတ် ရရှိရေးအတွက် မွေးမြူရေးတိရစ္ဆာန်အစာသည် လွန်စွာအရေးပါလျက်ရှိပြီး တိရစ္ဆာန်အစာစိုက်ပျိုးကျွေးမွေးနိုင်ရေးနှင့် တိရစ္ဆာန်အစာပြုပြင်စီမံ ဆောင်ရွက်ရန် နည်းလမ်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဖြန့်ဝေပေးခြင်းနှင့် လိုအပ်ချက်များ ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**သိန်း**

နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက် ပျဉ်းမနား(မြို့မဈေး)၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း (Fire Drill) ကို နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟနှင့် ပျဉ်းမနား ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းမင်းထိုက်တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးတို့ မတ် ၉ ရက်က ဆောင်ရွက်စဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)



# ပန်းစုံတောအလယ်မှာ ဂုဏ်ဝင့်ထည်နေသော ယွန်းပညာကောလိပ် (ပုဂံ)

မြင့်စိုး(နတလ)

*(ယမန်နေ့မှအဆက်)*

**ပန်းယွန်းမြို့တော်မှ အပြန်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သော ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ယနေ့ထိ အချိန်ကာလတစ်ခုအတွင်း ကျွန်တော်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးကို ရောက်ခဲ့ပြီးပြီ။ နေရာဒေသတော်တော်များများအကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း ဆောင်းပါးများ ရေးဖြစ်ခဲ့သည်။

ထိုနည်းတူစွာ မိမိတို့ဝန်ကြီးဌာနအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့်သန်လျင်)၊ သမဝါယမကောလိပ် (မန္တလေးနှင့်ဖောင်ကြီး)၊ ဆောင်းဒါး ရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ၊ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများ၊ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်းများနှင့်ပတ်သက်၍လည်း ရေးခဲ့ဖူးသည်။ သမဝါယမတက္ကသိုလ်များအကြောင်းကို ရေးစဉ်က သန်လျင်ဆိုသည့် အမည်နာမကို အကြောင်းပြု၍ နတ်ရှင်နောင်၊ ငဇင်ကာနှင့် ၎င်း၏ဇနီးဖြစ်သူ စောသဒ္ဒါ (စောသန္တာ) တို့အကြောင်း၊ အေဒီ ၁၆၁၃ ခုနှစ်တွင် အနောက်ဘက်လွန်မင်းက သန်လျင်ကိုဝင်တိုက်ပြီး သစ္စာဖောက် နတ်ရှင်နောင်နှင့် ပေါ်တူဂီလူမျိုး နယ်ချဲ့ငဇင်ကာတို့ကို ရှင်းလင်းသုတ်သင်ခဲ့သည့်အကြောင်း၊ ယင်းသို့ ရှင်းလင်းတိုက်ခိုက်ချိန်မှာ ငဇင်ကာ၏ ဇနီးဖြစ်သူ စောသဒ္ဒါနှင့် သားတော် နန္ဒဘယ၊ သမီးတော် သုပဘာဒေဝီတို့ မြစ်ဝကျွန်းပေါ်ဒေသ ဟင်္သာတဘက်သို့ ရေကြောင်းခရီးဖြင့် တိမ်းရှောင်ကြစဉ် လမ်းတွင် စောသဒ္ဒါကွယ်လွန်ခဲ့ပုံ၊ ကျန်ရစ်သော မောင်နှမနှစ်ယောက်က လေးမျက်နှာဘက်သို့ ရောက်သွားပြီး ယခုရေကြည်မြို့နယ် သီတာကုန်းပြင်အရပ်တွင် မြို့တည်၍ နေထိုင်ကြပုံ၊ ၎င်းတို့ကွယ်လွန်သွားကြသောအခါ နတ်မောင်နှမအဖြစ် ရှိနေကြသည်ဟု ယုံကြည်ကိုးကွယ်ခြင်းခံရသောကြောင့် သီတာကုန်းပြင်ရှိ သီတာမောင်နှမ နတ်ကွန်းနှင့် ၎င်းတို့တည်ထားခဲ့သော ရွှေနန်းဦး(မြသိန်းတန်စေတီ)၊ ရွှေဒါန်းဦးစေတီ ဘုရားပွဲတော်ကာလ၌ ကုန်းပွဲ၊ ရေပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိပုံအကြောင်းများကို ရေးဖြစ်ခဲ့သည်။

ထိုနည်းတူစွာပင် မန္တလေးမြို့ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးမှုပညာသိပ္ပံအကြောင်း ရေးစဉ်ကလည်း ရက်ကန်းနှင့် အထည်အလိပ်ပြတိုက်တွင် ပြသထားသော စုဖုရားလတ်၏ ဝတ်လဲတော်(မူရင်း)နှင့် သင်တန်းသူများ၏လက်ရာ အခြားဝတ်လဲတော်တစ်စုံတို့ကို ကြည့်ရှုလေ့လာနေရင်း ဆရာမြသန်းတင့်၏ “တောင်သမန်ရွှေအင်းက လေညင်းဆော်တော့” စာအုပ်ပါ သမိုင်းအချက်အလက်များနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမိပါသည်။ ၁၈၈၄၊ ၁၈၈၅ ခုနှစ် မန္တလေးနန်းတွင်းရေးအခြေအနေများ ရှုပ်ထွေးနေချိန်၊ စုဖုရားလတ်နှင့် ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီးတို့၏ ပြုပြင်ပြောင်းလဲရေးဝါဒီများ၏ ဂိုဏ်းဂဏကွဲပြားမှုများ၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် အီတလီတို့၏ သုံးပွင့်ဆိုင် ခြေရှုပ်လာမှုများ၊ ပြင်သစ်ထံမှ လက်နက်ခဲယမ်းများ တင်သွင်းရေးဆိုင်ရာ ၁၈၈၄ ခုနှစ် ဇန်နဝါရီလ၌ ပါရီမြို့တွင် ချုပ်ဆိုခဲ့သော ပြင်သစ်-မြန်မာစာချုပ်၊ စုဖုရားလတ်၏ လူယုံတော် နိုင်ငံခြားသူ အင်္ဂလိပ်ကပြား၊ ပြင်သစ်လိုလားသူ မက်တီကာလိုဂရီဒီနှင့် ပြင်သစ်လူမျိုး နန်းတွင်းစစ်ဘက်အကြံပေး၊ အဝယ်တော် ဗွန်ဗီလိန်းတို့၏ အချစ်ရေးအရှုပ်တော်ပုံ၊ ဗွန်ဗီလိန်းက ပါရီသို့ ပြန်သွားပြီး မိန်းမတစ်ယောက်ယူလာသည်ကို ကလဲ့စားချေလိုသဖြင့် မက်တီကာလိုဂရီဒီသည် ကင်းဝန်မင်းကြီး၏ စာရေးဖြစ်သူအား မြှူဆွယ်ပေါင်းသင်းကာ ပြင်သစ်-မြန်မာစာချုပ်ကို ရအောင်ခိုးယူပြီး အီတလီကောင်စစ်ဝန်နှင့် ဘုံဘေဘားမားသစ်ကုမ္ပဏီကိုယ်စားလှယ် အန်ဒရေနိုမှတစ်ဆင့် အင်္ဂလိပ်တို့လက်ထဲသို့ ထည့်လိုက်ခြင်းက တတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲအတွက် မီးစတစ်စဖြစ်လာပုံတို့ကို ဆောင်းပါးထဲမှာ ထည့်သွင်းရေးသားခဲ့ဖူးပါသည်။

သို့တစေ ယွန်းပညာကောလိပ်(ပုဂံ)ကို ၂၀၂၃ ခုနှစ်က တစ်ခေါက်ရောက်ခဲ့သော်ငြားလည်း ဆောင်းပါးတစ်ပုဒ်တလေမျှ မရေးဖြစ်ခဲ့၊ ကျွန်တော့်ဘက်က ပျက်ကွက်ခဲ့ပါသည်။ ရေးရအောင်လည်း ကျွန်တော်အချိန်တိုလေးအတွင်း မြင်ခဲ့သိခဲ့ကြားခဲ့သမျှလောက်နှင့်တော့ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြဖို့ရာ ခက်ပါသည်။ တစ်နည်းဆိုရသော် ယွန်းပညာရပ်များသည် ပုဂံ၊ အင်းဝ၊ ကုန်းဘောင်ခေတ်များကတည်းက ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့သော အစဉ်အလာနှင့် အရှိန်အဝါကြီးမားသည့် ပညာရပ်များဖြစ်နေ၍ ကျွန်တော် မတို့မထိရဲတာလည်း ဖြစ်ပါလိမ့်မည်။ ယခုတစ်ခေါက်ခရီးစဉ်တွင် ယွန်းပညာကောလိပ် ရာပြည့်မဂ္ဂဇင်းစာအုပ်တစ်အုပ် လက်ဆောင်ရရှိခဲ့သည်။ ထိုစာအုပ်တွင် ပါဝင်ရေးသားထားသူများမှာ အငြိမ်းစားကျောင်းအုပ်ဆရာကြီးများနှင့် ဆရာဆရာမများ၊ သုတေသနပညာရှင်များ၊ ယွန်းလုပ်ငန်းရှင်များနှင့် ပညာရှင်များ၊ လက်ရှိသင်ကြားရေး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများအပြင် ကျွန်တော် ရိုသေလေးစားရသော အမေတင်ရီမ (ညောင်ဦး)တို့လို ပုဂံ/ ညောင်ဦးသူစစ်စစ် စာရေးဆရာမကြီးများလည်း ပါဝင်နေပေသည်။ ဆိုရသော် ရာပြည့်မဂ္ဂဇင်းသည် မြန်မာ့ရိုးရာယွန်းပညာရပ်များ၏ အနုပညာလက်ရာမြောက်မှု၊ သိမ်မွေ့ နက်နဲမှု၊ တန်ဖိုးကြီးမားမှုတို့ကို ရည်ညွှန်းဂုဏ်ပြုဖော်ပြထားသော စာပေါင်းသိုက်ကြီးတစ်ခုပမာ ကျွန်တော် ခံစားဖတ်ရှုလေ့လာခဲ့မိပါသည်။

**ယွန်းဆိုသည်မှာ**

ယွန်းပညာကောလိပ် ရာပြည့်မဂ္ဂဇင်းတွင် ဦးမောင်လင်း(ဌာနမှူး-ငြိမ်း)က ရာပြည့်ကဗျာလေးချိုးကြီးဖြင့်စတင်၍ မော်ကွန်းရေးထိုး ဖွဲ့ဆိုထားပေရာ ယွန်းအခြေခံနှင့်ပတ်သက်၍ အောက်ပါအတိုင်း သီကုံးရေးဖွဲ့ထားပါသည် -

ယွန်းအခြေခံ အနက်ထည်ပါပဲ
ယှက်နွယ်ကာ တန်ဆာဆင်ဖို့
မြန်မာ့အသွင်အပြင် ရှေးခေတ်ပန်းချီကိုမှ
အတွေးသစ်အလီလီ
ကနုတ်နရီ ကပီကဇာဟန်နဲ့
စုတ်ညီညီ အနီအဝါရံကာ အဆင်အခွဲပညာဖြင့်
အစဉ်တွဲယှဉ်ကာ နိပါတ်အသွယ်သွယ်တို့ကို
သိမှတ်လွယ်သတိချပ်ဖွယ်
ယွန်းကညစ်အကျော်အမော်တွေက…ဟူ၍။

ယွန်းဆိုသည်မှာ ဝါး၊ သစ်သားထည်တို့တွင် သစ်စေးသရိုးကိုင်ကာ ပြိန်းဖြစ်စေ၊ ဆေးရေးဖြစ်စေ၊ ရွှေဇဝါရေးဖြစ်စေ ခြယ်လှယ်ပြုလုပ်သော (ယွန်းအမျိုးသားတို့ မူလသုံးစွဲလေ့ရှိသည်) အိမ်သုံးပစ္စည်း၊ ယင်းလက်ရာဟူ၍လည်းကောင်း၊ သစ်စေးသရိုးကိုင်ခြယ်လှယ်လုပ်ကိုင်သော အတတ်ပညာဟူ၍လည်းကောင်း မြန်မာအဘိဓာန်၌ ဖွင့်ဆိုထားပါသည်။ လူမျိုးကိုအစွဲပြု၍ ယင်းတို့လုပ်ဆောင်ခဲ့သော ပစ္စည်းများကို ယွန်းဟုခေါ်ဝေါ်ခြင်း ဖြစ်နိုင်သလို ယွန်းထည်လုပ်ငန်း ပြုလုပ်နေကြသော ဒေသကို အစွဲပြု၍လည်း ပုဂံယွန်း၊ ကျောက္ကာယွန်း၊ အင်းဝယွန်း၊ ရှမ်းယွန်းဟူ၍လည်း ခေါ်ဝေါ်ကြကြောင်း သိရသည်။ ဝါး (သို့မဟုတ်) သစ်သားကို အခြေခံ၍ ပုံဖော်ပြုလုပ်ထားသော ဝတ္ထုပစ္စည်းကို အဖြူထည်ဟုခေါ်ပြီး ယင်းအဖြူထည်မျက်နှာပြင်ပေါ်သို့ သစ်စေးသုတ်လိမ်းခြင်း၊ အချောကိုင်ခြင်း၊ အခြောက်ခံခြင်းတို့ အကြိမ်ကြိမ်ပြုလုပ်ပြီးလျှင် အနက်ထည်ယွန်းကို ရရှိမည်ဖြစ်သည်။ အနက်ထည်သည် ဒီဇိုင်းမပြုလုပ်မီ အခြေအနေဖြစ်၏။

ထိုမှ ယွန်းအနက်ထည်ပေါ်တွင် ကညစ်တံဖြင့် ရေးခြစ်ပုံဖော်ပြီး ဆေးရောင်စုံသွင်း၍ မွမ်းမံခြယ်လှယ်ထားသော ကညစ်ယွန်း၊ ယွန်းအနက်ထည်ပေါ်တွင် သစ်စေးသားရိုးကိုင်၍ ဖောင်းကြွအောင်

*စာမျက်နှာ ၁၁ သို့*



ယွန်းပညာကောလိပ်(ပုဂံ)၏ နည်းစဉ်ခန်းမတွင် ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများက သရုပ်ပြသကြစဉ်။

**■ နည်းစဉ်ခန်းမဆိုသည်မှာ ယွန်းပညာကောလိပ် (ပုဂံ)၏ အသည်းနှလုံးဟူ၍ ကျွန်တော်က တင်စားခေါ်ဝေါ်လိုက်ချင်ပါသည်။ ယွန်းပညာ၏ ခက်ခဲနက်နဲမှု၊ သိမ်မွေ့မှု၊ နန်းဆန်မှု စသည်တို့ကို အနုစိတ်ရှုမြင်လေ့လာတွေ့ရှိနိုင်သော နေရာတစ်ခုလည်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ယွန်းကောလိပ်တွင် ယွန်းထည်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာနိုင်သောနေရာလည်းဖြစ်သည်။ အခြေခံထည်ဖြစ်သော ဝါးကို စတင်ပြုလုပ်သည်မှစ၍ ယွန်းအချောထည်အဖြစ် တွေ့မြင်ရသည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့် ကူးပြောင်းသွားခြင်းဖြစ်၍ ယွန်းနည်းစဉ်ခန်းမဟု အမည်သညာ မှည့်ခေါ်ထားခြင်းဖြစ်**

# တောင်ကြီးမြို့သို့ ရောက်ရှိနေသည့် ယာယီတိုက်ပွဲရှောင် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများအတွက် ထောက်ပံ့

တောင်ကြီး မတ် ၉

**နယ်မြေအခြေအနေများကြောင့် တောင်ကြီးမြို့ကို ပြောင်းရွှေ့ခိုလှုံရောက်ရှိလာကြသော ဌာနဆိုင်ရာများမှ ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ထောက်ပံ့ပေးအပ်ပွဲကို မတ် ၈ ရက် နံနက် ၁၁ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က လတ်တလောဖြစ်ပွားနေသော နယ်မြေလုံခြုံရေး အခြေအနေများကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့မှ ယာယီတိမ်းရှောင်လာသော နိုင်ငံ့ဝန်ထမ်း ၁၃၀၉၅ ဦး၊ ဝန်ထမ်းမိသားစု ၁၄၁၆၅ ဦး စုစုပေါင်း ၂၇၂၆၀ ဦး အနက် တောင်ကြီးမြို့ပေါ်တွင် ယာယီခိုလှုံနေကြသော ဝန်ထမ်းမိသားစု ၃၅၀၀ ကို အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ တောင်ကြီးမြို့ပေါ်ရှိ ဝန်ထမ်းအိမ်ထောင်စု ၃၅၀၀ ကိုဦးစားပေးထောက်ပံ့ပေးခဲ့ပြီး တန်ဖိုးအားဖြင့် သိန်းပေါင်း ၁၀၅၀ ခန့် ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ် ၂၄၆၁၁၂၃၂ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၂ မျိုး၊ ဝန်ထမ်းအင်အား ၃၅၀၀ အတွက် ဆန်ရိက္ခာ တစ်လစာ တန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀၊ စုစုပေါင်း တန်ဖိုး ငွေကျပ် ၅၆၁၁၂၃၂ ရှိကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး တတ်အားသရွေ့ ကူညီစောင့်ရှောက်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ထောက်ပံ့ပစ္စည်းများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**

**(ပြန်/ဆက်)**

## ဘားအံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၁၀၄၂ ဦးရှိ

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ၁၀၄၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် အ-ထ-က(၁)စာစစ်ဌာန၊ အ-ထ-က(၂)စာစစ်ဌာနနှင့် အ-ထ-က(၄)စာစစ်ဌာနတို့၌ ကျင်းပမည်ဖြစ်ပြီး အ-ထ-က(၁)စာစစ်ဌာနတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၄၃၈ဦး၊ အ-ထ-က(၂) စာစစ်ဌာနတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၅၇ဦး၊ အ-ထ-က(၄)စာစစ်ဌာနတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၄၇ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၄၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ပြုလုပ်ထားသော သားရိုးပန်းကြွယွန်းဟုခေါ်ကြောင်း သိရသည်။ သားရိုးပန်းကြွယွန်းနှင့် ပတ်သက်၍ ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်၏ ရှင်းလင်းပြောကြားချက်အရ မျက်နှာပြင်ချောမွေ့စေရန် ယခင်က သားရိုးပြာကို အသုံးပြုခဲ့ကြသော်လည်း ယခုအခါ စပါးခွံပြာ(သို့မဟုတ်)ဖိုလယ်ပြာနှင့် သစ်စေးတို့ ရောစပ်ပြီး အသုံးပြုလျက်ရှိကြောင်း သိရသည်။ ရွှေဇဝါယွန်းကမူ ယွန်းအနက်ထည် မျက်နှာပြင်ပေါ်တွင် ရွှေမျက်ပါးကို ကပ်တင်၍ ရုပ်ပုံဒီဇိုင်းများအား ရွှေဖြင့် ပုံဖော်ထားသော ယွန်းအမျိုးအစား ဖြစ်ပါသည်။

### ယွန်းပြတိုက်မှာလေ့လာစရာ

ပုဂံခေတ်တွင်စတင်၍ အသုံးပြုခဲ့သော ယွန်းထည်ပစ္စည်းများအား အများပြည်သူ လေ့လာကြည့်ရှုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ယွန်းပြတိုက်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြသပေးခဲ့သည်။ ယွန်းပြတိုက်သည် ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းဝင်းအတွင်း၌ပင် တည်ရှိနေပါသည်။ ယွန်းပြတိုက်အတွင်း၌ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ယွန်းထည်ပစ္စည်းများ အပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ ပေါ်ပေါက်လာသော ဗီယက်နမ်ယွန်းထည်ပစ္စည်းများ၊ ကိုရီးယားယွန်းထည်ပစ္စည်းများကိုလည်း တွေ့ရမည်ဖြစ်သည်။ မြန်မာ့ယွန်းထည်ပစ္စည်းများတွင်လည်း နှစ်ပေါင်းရာချီ၍ သက်တမ်းရှိသော ယွန်းထည်များ၊ ဘာသာရေးအခမ်းအနားသုံးနှင့် ထီးသုံးနန်းသုံးပစ္စည်းများ၊ ခေတ်မီနည်းစနစ်များ ပေါင်းစပ်ဖန်တီးထားသည့် ယွန်းထည်များကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် ဒေသအလိုက် ယွန်းများဖြစ်ကြသည့် ပုဂံယွန်း၊ ကျိုင်းတုံယွန်း၊ ကျောက္ကာယွန်းများကိုလည်း တစ်ပြိုင်တည်း ကြည့်ရှုလေ့လာနိုင်ပါမည်။ ထို့အတူ မန္တလေးလက်ရာ မှန်စီရွှေချယွန်းထည်များကို ပြသထားသကဲ့သို့ အေဒီ ၁၁ ရာစု (ပျူခေတ်) လက်ရာများကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ထီးသုံးနန်းသုံး ယွန်းထည်ပစ္စည်းများထဲတွင် ကုန်းဘောင်ခေတ်သုံး ကညစ်ယွန်းစာတိုက်(ဇတိုက်) ကြီးတစ်လုံးကိုလည်း ဂုဏ်ယူဖွယ်ရာ ထားရှိပြသထားပါသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ထံ အမှုတော်ထမ်းရွက်ခဲ့သော မြစ်စဉ်အမြင့် မြို့ဝန်မင်းကြီး မဟာသမိန်ဗရမ်းခေါ်



ယွန်းပညာကောလိပ်(ပုဂံ)၏ နည်းစဉ်ခန်းမ၌ ကျောင်းသူတစ်ဦးက ရွှေဇဝါယွန်း ရေးခြယ်ပြသစဉ်။

မင်းလက်ဝါးကြီး သုံးစွဲခဲ့သည့် ယွန်းပစ္စည်းဖြစ်ကြောင်း သိရပါသည်။ အေဒီ ၁၂၂၃ ခုနှစ်တွင် တည်ထားသော မင်းနန်သူ လေးမျက်နှာ အုတ်ကျောင်းအတွင်း ရှာဖွေတွေ့ရှိခဲ့သည့် ပုဂံခေတ်သုံး ယွန်းခွက်တစ်ခုကိုလည်း ရှေးဟောင်းသုတေသနကိုယ်စား ဆရာမင်းဘူးဦးအောင်ကြိုင်ကိုယ်တိုင် လာရောက်လှူဒါန်းထားကြောင်း သိရှိရပါသည်။

### ဂုဏ်ယူဖွယ်ရာ ယွန်းနည်းစဉ်ခန်းမ

နည်းစဉ်ခန်းမဆိုသည်မှာ ယွန်းပညာကောလိပ်(ပုဂံ)၏ အသည်းနှလုံးဟူ၍ ကျွန်တော်က တင်စားခေါ်ဝေါ်လိုက်ချင်ပါသည်။ ယွန်းပညာ၏ ခက်ခဲနက်နဲမှု၊ သိမ်မွေ့မှု၊ နန်းဆန်မှု စသည်တို့ကို အနုစိတ်ရှုမြင်လေ့လာတွေ့ရှိနိုင်သော နေရာတစ်ခုလည်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ယွန်းကောလိပ်တွင် ယွန်းထည်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာနိုင်သောနေရာလည်း ဖြစ်သည်။ အခြေခံထည်ဖြစ်သော ဝါးကို စတင်ပြုလုပ်သည်မှစ၍ ယွန်းအချောထည်အဖြစ် တွေ့မြင်ရသည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့် ကူးပြောင်းသွားခြင်းဖြစ်၍ ယွန်းနည်းစဉ်ခန်းမဟု အမည်သညာ မှည့်ခေါ်ထားခြင်း ဖြစ်သည်။ ကောလိပ်ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ပညာရပ်တစ်ခုချင်းစီအတွက် ဝင်ရောက်သရုပ်ပြ လုပ်ကိုင်ဆောင်ရွက်နေကြသည် ဖြစ်ပေရာ ဒေသအတွက်ရော ယွန်းပညာကောလိပ် (ပုဂံ) အတွက်ပါ ဂုဏ်ယူဖွယ်ရာ နည်းစဉ်ခန်းမကြီး တစ်ခုပင် ဖြစ်ပါသည်။

### နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့မှုများ

ယွန်းပညာကောလိပ် ရာပြည့်မဂ္ဂဇင်း၏ ဓာတ်ပုံကဏ္ဍတွင် ရှေးကပုံရိပ်များ အမည်ဖြင့် ဖြူ/မည်း မှတ်တမ်းဓာတ်ပုံအချို့ကို ဖော်ပြထားသည်။ ထိုအထဲတွင် ဗြိတိန်တော်ဝင်မင်းသမီး အန်းနှင့် ကြင်ယာတော်အဖွဲ့ ယွန်းအတတ်သင်ကျောင်းသို့ လာရောက်လေ့လာနေပုံ၊ ၁၉၉၇ ခုနှစ်၌ ဂျပန်ယွန်းပညာလေ့လာနေပုံ စသည့်ရှားပါးဓာတ်ပုံများကို တွေ့ရသည်။ ယွန်းပညာကောလိပ်(ပုဂံ) အနေဖြင့် ၁၉၅၃ ခုနှစ်ကတည်းက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့သည်။ ဂျပန်နိုင်ငံနှင့်ပူးပေါင်း၍ ယွန်းပညာရပ်များ ဖလှယ်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဂျပန်နိုင်ငံ Asian Lacquer Craft Exchange Research Project နှင့် ပူးပေါင်း၍ နိုင်ငံတကာယွန်းပြပွဲများ ကျင်းပခြင်း၊ နည်းပညာဖလှယ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ယွန်းပညာကောလိပ်(ပုဂံ)နှင့် ဂျပန်နိုင်ငံ Tokyo National Research Institute for Cultural Properties (TNRICP) တို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ ယွန်းပြတိုက်အတွင်းမှ ရှေးဟောင်းယွန်းထည်ပစ္စည်းများ သုတေသနပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့(UNIDO) နှင့် ပူးပေါင်း၍ အီတလီနိုင်ငံမှ ဒီဇိုင်းပညာရှင် Ms. Daniela Bulgarelli က ယွန်းဒီဇိုင်းနှင့် ကုန်ထုတ်ဖွံ့ဖြိုးမှုသင်တန်းကို ကောလိပ်ဝန်ထမ်းများနှင့် ပုဂံဒေသ ယွန်းလုပ်ငန်းရှင်များအား ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ၂၀၁၇ ခုနှစ်ထဲမှာပင် အီတလီနိုင်ငံ အနုပညာတက္ကသိုလ်၊ ဂျပန်နိုင်ငံ တိုကျိုအနုပညာတက္ကသိုလ်များနှင့် ပူးပေါင်း၍ ယွန်းအနုပညာ ဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားနေစဉ်ကာလအတွင်း ၁၉၈၇-၈၉ နှစ်များ၌ပင် အန်းမင်းသမီးနှင့် ကြင်ယာတော်တို့ အပြင် ထိုင်းနိုင်ငံ တော်ဝင်မင်းသား (ယခုထိုင်းဘုရင်မင်းမြတ်) မဟာဗာဂျီရာ လောင်ကွန်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မဟာသီယာနှင့် ဇနီးတို့ လာရောက်လေ့လာခဲ့ကြကြောင်းလည်း သိရသည်။

### ဖိတ်ခေါ်ပါသည် ယွန်းပညာကောလိပ်ဆီ

ယွန်းပညာကောလိပ်(ပုဂံ)သည် လူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက ဒေသတွင်း ယွန်းလုပ်ငန်းရှင်များကိုပါ အကျိုးပြုနေသော ကျောင်းတော်မဟာတစ်ခု ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများ ပျောက်ပျက်မသွားရလေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးနေသော နေရာဌာနတစ်ခုလည်းဖြစ်ပေသည်။ မြန်မာမှု အနုလက်ရာများကို တန်ဖိုးထားသော နိုင်ငံခြားခရီးသွားဧည့်သည်များအတွက်လည်း မဖြစ်မနေ ရောက်သင့်သော၊ ကြည့်ရှုလေ့လာသင့်သော နေရာတစ်ခုဟုဆိုလျှင် မမှားပေ။ မြန်မာနိုင်ငံတွင် တစ်ကျောင်းတည်း ရှိသကဲ့သို့ အရှေ့တောင်အာရှတွင်လည်း တစ်ကျောင်းတည်းသော ယွန်းလက်မှုအတတ်သင်ကျောင်းအဖြစ် ရပ်တည်လျက်ရှိသည်။ အားလုံးရဲ့ ပုဂံဆိုသည့်အတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ ပုဂံ/ ညောင်ဦးဒေသသို့ အလည်တစ်ခေါက် ရောက်ခဲ့ပါလျှင် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်နှင့် ပြတိုက်သို့ ကြည့်ရှုလေ့လာကာ သစ္စာရှင်ဘုရားအား ဖူးမြော်နိုင်ပါကြောင်း ဖိတ်မန္တကပြုလိုက်ရပါသည်။ ။

# ပေါ့ပုတောမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မတ် ၉**

ရွှေဝတီတိုင်းဒေသကြီး ပုတော မြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ဇီးချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိကျောင်းသစ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ဆေးဝါးကုသပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၃၇၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး ကျောင်းသစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇနကအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် စန္ဒရံသီ သီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သာသနာ့နွယ်ဝင်သီလရှင် ၁၃၄ ပါးနှင့် ဒေသခံပြည်သူ ၂၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ



**နေပြည်တော် မတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေ့ါပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၇၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၉**

အနောက်တောင် တိုင်းစစ်ဌာနချုပ် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့် (၄) ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူများ၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**မြဝတီ မတ် ၉**

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မတ် ၈ ရက် မွန်းလွဲပိုင်းတွင် အထက(၁) မြဝတီစာစစ်ဌာနသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးတို့က အထက(၁) (မြဝတီ) စာစစ်ဌာန၌ လာရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မီးဘေးအန္တရာယ်လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ စာဖြေခန်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို မေးမြန်းကြရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၏ တင်ပြဆွေးနွေးမှုအပေါ် ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြဝတီမြို့နယ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းတွင်းဖြေဆိုသူနှင့် ကျောင်းပြင်ပဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၅ ဦးရှိကြောင်း သိရသည်။ **ဇာဖြူဝင်း(မြန်/ဆက်)**



# ဂါဇာကမ်းမြောင်သို့ ပင်လယ်လမ်းကြောင်းမှ ကူညီမှုများပေးနိုင်ရေး လုပ်ဆောင်နေ



ဝေဟင်မှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများချပေးစဉ်။

**ဂါဇာ မတ် ၉**

အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အခြားသောနိုင်ငံများသည် ပင်လယ်စကြံလမ်းကြောင်းမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ စားနပ်ရိက္ခာအကူအညီနှင့် အခြားကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂါဇာဒေသခံများမှာ ငတ်မွတ်ခေါင်းပါးမှုဘေးကျရောက်လုနီးနှင့် ရင်ဆိုင်နေရကြောင်း ကူညီကယ်ဆယ်ရေးလုပ်သားများက သတိပေးပြီးနောက် ဂါဇာသို့ ပံ့ပိုးပေးနိုင်ရေး အဆိုပါလှုပ်ရှားဆောင်ရွက်မှု ထွက်ပေါ်လာခြင်း ဖြစ်သည်။ အစ္စရေးသည် ဂါဇာသို့ ဝင်ရောက်နိုင်သည့် ကုန်းလမ်းအားလုံးနီးပါးကို ဖြတ်တောက်ထားသည်။

ဂါဇာကမ်းမြောင်သို့ဝေဟင်မှတစ်ဆင့် ထောက်ပံ့ကူညီမှုများ ချထားပေးသော်လည်း စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်တောက်မှုအတွက် လုံလောက်မှုမရှိကြောင်း သိရသည်။ ယာယီရေပေါ်ဆိပ်ခံတံတားအသုံးပြုနိုင်သော ရေကြောင်းစကြံလမ်းကြောင်းတစ်ခု ထူထောင်မည်ဟု အမေရိကန်တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။ ဥရောပသမဂ္ဂသည် အဆိုပါအစီအစဉ်သို့ ပူးပေါင်းပါဝင်သည့် မိတ်ဖက်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလေရန်းသည် ပြင်ဆင်ဆောင်ရွက်မှုအချို့ကို ကြည့်ရှုရန် ဆိုက်ပရက်စ်ရှိ ဆိပ်ကမ်းတစ်ခုသို့ သွားရောက်ခဲ့သည်။ သောကြာနေ့မတိုင်မီ ပထမဆုံး ရှေ့ပြေးဆောင်ရွက်လှုပ်ရှားမှု ပေါ်ပေါက်လာဖွယ်ရှိကြောင်းနှင့် အခက်အခဲများစွာရှိသော်လည်း လက်ရှိမှာ စကြံဖွင့်လှစ်နိုင်ရေး အလွန်နီးကပ်လာပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးမြေပြိုမှုကြောင့် ၁၀ ဦးသေဆုံးပြီး ၁၀ ဦး ပျောက်ဆုံး

**ဂျကာတာ မတ် ၉**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ် ပက်ဆီဆီရာ ဆီလက်တန်ဒေသ၌ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသည်ဟု မတ် ၉ ရက်တွင် ပြည်တွင်းစီမံခန့်ခွဲမှုအေဂျင်စီက သတင်းထုတ်ပြန်သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်ဖြစ်ပေါ်လာသည့် ရေကြီးမြေပြိုမှုများကြောင့် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ပက်ဆီဆီရာ ဆီလက်တန်ဒေသ သဘာဝဘေး လျော့ပါးသက်သာရေးအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဒိုနီဂူဆီရယ်က ပြောသည်။

မတ် ၉ ရက် နံနက်ပိုင်းအထိ မိုးဆက်လက် ရွာသွန်းနေဆဲဖြစ်သည်။ အချို့သော နေရာများမှာ သွားလာရေး ခက်ခဲနေဆဲဖြစ်ပြီး ပိတ်မိနေသည့် ရွာသားများကို ကယ်တင်ရန် လှေများအသုံးပြုခဲ့သည်။ လူပေါင်း ၄၅၀၀၀ မှာ ရေကြီးမှုကြောင့် အေဂျင်စီမှ စီစဉ်ပေးထားသည့် ယာယီခိုလှုံရာနေရာများတွင် လာရောက်နေထိုင်ကြရသည်။ နေအိမ်ပေါင်း ၂၀၀၀၀ မှာရေမြုပ်သွားပြီး တံတား ရှစ်စင်းမှာလည်း ကျိုးသွားသည်ဟု ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့မှစတင်ကာ အဆိုပါဒေသတွင် မိုးအဆက်မပြတ် ရွာသွန်းမှုဖြစ်ပွားခဲ့ပြီး ကျေးရွာအချို့နှင့် ဆက်သွယ်ထားသည့် လမ်းများ ပျက်စီးခဲ့ကာ လျှပ်စစ်မီးလည်း ပြတ်တောက်ခဲ့သည်။ မိုးရာသီတွင် အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးမြေပြိုမှုကဲ့သို့သော သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**




## တူကီယဲက အီရတ်နိုင်ငံမြောက်ပိုင်းသို့ ဒရုန်းဖြင့် တိုက်ခိုက်၊ ပီကေကေအဖွဲ့ဝင် တစ်ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၉**

တူကီယဲက ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံမြောက်ပိုင်း နီနာဗာပြည်နယ်တွင် ကာဒစ္စတန်အလုပ်သမားများ ပါတီ(ပီကေကေ)မှ ထောက်လှမ်းရေးအရာရှိတစ်ဦး သေဆုံးပြီး ပီကေကေစစ်သွေးကြွတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အီရတ်နိုင်ငံ တစ်စိတ်တစ်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ္စတန်ဒေသ အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

နီနာဗာပြည်နယ်၏မြို့တော် မိုဆူးလ်မြို့၏ အနောက်ဘက် ကီလိုမီတာ ၁၂၀ ခန့်အကွာ စင်ဂျာမြို့အနီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစောပိုင်းတွင် ဒူဟူခ်ပြည်နယ်ကို တူကီယဲက သီးခြားလေကြောင်းတိုက်ခိုက်မှု တစ်ကြိမ်ပြုလုပ်ခဲ့ပြီး နှစ်ဦးသေဆုံးကြောင်းနှင့် တစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ကာ့ဒ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

တူကီယဲတပ်ဖွဲ့သည် ပီကေကေစစ်သွေးကြွအဖွဲ့ အခိုင်အမာခြေကုပ်ယူထားသော ကွင်ဒေးလ်တောင်ကို အဓိကပစ်မှတ်ထားကာ အီရတ်နိုင်ငံမြောက်ပိုင်းသို့နယ်စပ်ဖြတ်ကျော် စစ်ရေးဆောင်ရွက်မှုများ မကြာခဏပြုလုပ်လေ့ရှိသည်။ တူကီယဲ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော ပီကေကေသည် တူကီယဲအစိုးရကို တော်လှန်ပုန်ကန်နေသည်မှာ ဆယ်စုနှစ်သုံးစုကျော်ကြာပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အမေရိကန်၏ အလုပ်လက်မဲ့နှုန်း ဖေဖော်ဝါရီလအတွင်း ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးလာ

**ဝါရှင်တန် မတ် ၉**

အမေရိကန် အလုပ်ရှင်များသည် ဖေဖော်ဝါရီလအတွင်း အလုပ်အကိုင်ပေါင်း ၂၇၅၀၀၀ ကို ထပ်မံခေါ်ယူခဲ့ပြီး အလုပ်လက်မဲ့နှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးလာသည်ဟု အမေရိကန်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက မတ် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအသောက်နှင့် ဝန်ဆောင်မှု၊ လူမှုရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် သိုလှောင်ရုံများတွင် အလုပ်အကိုင်ရရှိမှုဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အလုပ်လက်မဲ့နှုန်းသည် ဖေဖော်ဝါရီလအတွင်း ၀ ဒသမ ၂ ရာခိုင်နှုန်းမှ ၃ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။

ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့ဦးရေမှာ ၆ ဒသမ ၅ သန်းအထိ ရှိလာသည်။ ယခင်နှစ်က အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာ ၃ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အလုပ်လက်မဲ့ဦးရေ ၆ ဒသမ ၀ ရှိသည်။

ယာယီအကူအညီပေးသည့် လုပ်သားများ ဆက်လက်ကျဆင်းလာပြီး အမြဲတမ်းအလုပ်ရရှိမှုမှာလည်း လျော့နည်းလာသည်ဟု စီးပွားရေးပညာရှင်များက ပြောသည်။ **ဆင်ဟွာ**

## လက်ဘနွန်တောင်ပိုင်းသို့ အစ္စရေးက လေကြောင်းတိုက်ခိုက်၊ သုံးဦး သေဆုံး

**ဘီရွတ် မတ် ၉**

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ မြို့နှင့် ကျေးရွာများကို ပစ်မှတ်ထားပြီး မတ် ၈ ရက်တွင် အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ ဟစ်ဘိုလာအဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားအရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း လက်ဘနွန်စစ်ဘက်အခြေစိုက် သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောသည်။

အစ္စရေး၏ စီးနင်းတိုက်ခိုက်မှုများထဲမှ တစ်ခုမှာ ကျေးရွာတစ်ရွာရှိ နေအိမ်တစ်လုံးကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး ဟစ်ဘိုလာအဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း၊ အခြားသော တိုက်ခိုက်မှုက ဘာရာခီမြို့ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး အရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသော သတင်းရင်းမြစ်များက ဆိုသည်။

ဟစ်ဘိုလာအဖွဲ့ကလည်း အယ်ရာဒါအပါအဝင် အစ္စရေးနေရာအများအပြားကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပြောသည်။ ဟစ်ဘိုလာနှင့် အစ္စရေးတို့ကြား ပဋိပက္ခဖြစ်ပွားမှုကြောင့် လက်ဘနွန်ဘက်အခြမ်းတွင် ဟစ်ဘိုလာအဖွဲ့ဝင် ၂၃၁ ဦးနှင့် အရပ်သား ၆၆ ဦး အပါအဝင် စုစုပေါင်း ၃၄၅ ဦး သေဆုံးကြောင်း လက်ဘနွန်လုံခြုံရေးသတင်းရင်းမြစ်များ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် ပလပ်စတစ်အလိပ် ၁၈၅၃၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၃၈၂၂၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Stanley Tutron အင်ဂျင်ဝိုင် ကီလိုဂရမ် ၄၅၀၀၊ နွယ်ချိုအမြစ်ခြောက် ကီလိုဂရမ် ၂၃၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၇၀၈၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လွန်းညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Nabati ဝေဖာအထုပ် ၅၅၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၁၅၁၂၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်မှ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ထို့ပြင် မတ် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အိန္ဒူ-ဇာသပြင် လမ်းကြောင်း၊ အိန္ဒူကျေးရွာအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sponsor အားဖြည့်အချိုရည် ပုလင်း ၆၀၀၀၊ Smart Softener အမွှေးဆီဘူး ၄၀၈၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီမြို့ ရပ်ကွက်(၆) ဗိုလ်ကြာသုပ်လမ်းအတွင်းရှိ ဂိုဒေါင်တစ်လုံး၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lipo-vitan-D အားဖြည့်အချိုရည် ပုလင်း ၂၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပုလဲ(၁)ရပ်ကွက်ရှိ Golden Plus Co.,Ltd ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Red Bull အားဖြည့်အချိုရည်ဘူး ၁၂၁၂၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Metal Exhaust Fan ၁၂၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၄၁၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၆၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၁၆၃၂၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့နိုင်ကြောင်း ပြည်သူများစိုးရိမ်စေရန် မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ဝေရေးသားလျက်ရှိ

**နေပြည်တော် မတ် ၉**

စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း နှင်းဆီရောင်အမျိုးသမီးများ သမဂ္ဂအပါအဝင်အမျိုးသမီးအဖွဲ့ ၂၈ ဖွဲ့၏ ထုတ်ပြန်ချက်တွင် ပြောဆိုထားကြောင်း ပြည်သူများ စိုးရိမ်စေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်




စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလသတင်းများကြောင့်ပြည်သူများထင်ယောင်ထင်မှား မဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည့်အချက်များကို ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန် ဖုန်းနံပါတ်များကို ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်လွှင့်၍လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အကောင်အထည်ဖော်ရာ၌ လတ်တလောတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် ခေါ်ယူရန်အစီအစဉ်မရှိသေးကြောင်းနှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိရှိလိုသည်များကို https://mod.gov.mm/node/74 တွင်လေ့လာနိုင်ကြောင်းတို့ကို Mobile ဖုန်းများသို့ SMS (စာတိုပေးပို့ခြင်း)ဝန်ဆောင်မှုများဖြင့်လည်းကောင်း အများပြည်သူထံသို့ ပေးပို့အသိပေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှား အချိန်ကိုက်ဝါဒဖြန့်ချိရေးသား၍ အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် လူငယ်လူရွယ်များ လှမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော်လျက်ရှိပြီး ယခုတွင်လည်း အမျိုးသမီးများကို စစ်မှုထမ်းရန် ပြန်လည်စုဆောင်းခံရနိုင်သည်ဟု သတင်းအမှားများကို ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိသဖြင့် မိဘပြည်သူများအနေဖြင့် စစ်မှုထမ်းဆိုင်ရာ သတင်းတု၊ သတင်းမှားများကို ရှောင်ရှားနိုင်ရန်အတွက် စစ်မှုထမ်းဆိုင်ရာသတင်းများ သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေး သတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဆမ်ဂျုံ၊ ကျဟယ်နှင့် စိုင်းလှဆွေ(ခ)အိုက်ကျိုင်းတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တောင်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ညနေ ၄ နာရီ မိနစ်၄၀ တွင် တောင်ကြီးမြို့နယ် မိုင်းသော်(အနောက်)ကျေးရွာအုပ်စု ဟဲကယ် ကျေးရွာအနီးတွင် သားဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၆ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဆမ်ဂျုံ မောင်းနှင်ပြီး ကျဟယ် လိုက်ပါလာသည့် CROWN အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီ ၄၅ မိနစ်တွင် စိုင်းလှဆွေ (ခ) အိုက်ကျိုင်းအား တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် ရှိနေအိမ်တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၉၈ ကီလို၊ အိုက်စ် သုည ဒသမ ၀၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တို့နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

မန်ယူအသင်းသည် ပထမပိုင်းပွဲချိန်တွင် အဲဗာတန်အသင်းဘက်သို့ အကောင်းဆုံး တုံ့ပြန်ကစားကာ သွင်းဂိုးများရယူနိုင်ခဲ့သည်အထိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ခြေစွမ်းကျဆင်းခဲ့ပြီး ပြိုင်ဘက် အဲဗာတန်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရသည်။

မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူနိုင်ခဲ့သလို ပွဲချိန် ၃၆ မိနစ်တွင်လည်း ပယ်နယ်တီမှတစ်ဆင့် အသင်းတိုက်စစ်ကစားသမား ရက်ဖို့ဒ်က အမှားအယွင်းမရှိ အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ၂၈ ပွဲကစားပြီး ရမှတ် ၄၇ မှတ်ဖြင့် အဆင့် (၆) တွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အဲဗာတန်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်တွင် ရှုံးပွဲ ၁၃ ပွဲအထိ ရှိလာပြီဖြစ်ပြီး တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာပြီဖြစ်သောကြောင့် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည်ဖြစ်သည်။

လာမည့်ပွဲစဉ်တွင် မန်ယူအသင်းက အက်ဖ်အေဖလားပြိုင်ပွဲ၌ အသင်းကြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ပြိုင်ဘက်အဲဗာတန်အသင်းက ပရီမီယာလိဂ်တွင် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# အောင်မြင်ခြင်းအတွက် စိတ်အာဟာရ

မေတ္တာမိုးနှင်း (ပဲခူး)

**လူသားတိုင်းသည် ဘဝရပ်တည်ရေးအတွက် ပစ္စုပ္ပန်နှင့်အနာဂတ်ကို ရှေးရှု၍ အတိတ်ကိုလည်း သင်ခန်းစာယူကြရသည်။ လူသားတိုင်းသည် မည်သည့်အချိန်အခါ၊ မည်သည့်နေရာမရွေး အောင်မြင်မှုကို လိုချင်ကြပေသည်။ ဘဝလမ်းခရီး၌ အောင်မြင်ခြင်းရှိမှသာ လောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ပြည့်ဝမည်ဖြစ်သည်။ အမြဲတမ်း ကျရှုံးမှုကိုသာ ရင်ဆိုင်နေရပါလျှင် ထိုသူသည် စိတ်အာဟာရချို့တဲ့နေမည်သာဖြစ်သည်။**

အောင်မြင်မှုတစ်စုံတစ်ရာကို တစ်ကြိမ်တစ်ခါမျှသာ ကြုံဆုံရပါလျှင် ထိုသူသည် ကျရှုံးမှု၊ အောင်မြင်မှု၊ တစ်နည်းအားဖြင့် အနိမ့်အမြင့်ဟူသော လောကဓံ၏သဘောကို နားလည်သဘောပေါက်၍ စိတ်ခံတော်ကြံ့ခိုင်မည်ဖြစ်သည်။ ယနေ့ခေတ်ကာလသည် ခေတ်မီနည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသောအချိန်ဖြစ်ပေရာ ယင်းနှင့်အတူ နည်းပညာများကို တန်ဖိုးရှိစွာ အသုံးချမှသာလျှင် အောင်မြင်ခြင်းကို ရရှိပေလိမ့်မည်။ ထိုသို့ အောင်မြင်ခြင်းကိုရရှိရန်အတွက် ပညာရည်ပြည့်ဝအောင်လည်း သင်ယူတတ်မြောက်ထားကြရမည်ဖြစ်သည်။ ပညာသင်ယူတတ်မြောက်ရန် ကြိုးစားရာတွင်လည်း စိတ်အာဟာရသည် အလွန်ပင်အရေးကြီးပါသည်။

**ရည်မှန်းချက်နှင့်ကြိုးစားမှု**

လူသားအများစုသည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေထိုင်ကြသည်ဟု ဆိုကြသည်။ ထိုမျှော်လင့်ချက်ဟူသောအရာသည် မိမိ၏ ဘဝရည်မှန်းချက်များပင်ဖြစ်သည်။ လူသားတိုင်းတွင် ရည်မှန်းချက်အမျိုးမျိုးရှိကြသည်။ ရည်မှန်းချက်ဟူသည် မဖြစ်မနေပြုလုပ်ရမည်ဟူသော စိတ်ဆန္ဒကို ဆိုလိုခြင်းဖြစ်သည်။ စိတ်ကူးယဉ်သက်သက်ဖြင့် ရူးသွပ်နေရုံမျှဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်မဟုတ်ပေ။ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် ကြိုးစားမှုများ၊ ပြင်ဆင်မှုများ လိုအပ်ပေသည်။ ရည်မှန်းချက်ရှိသော်လည်း ကြိုးစားအားထုတ်မှုမရှိပါက ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည် မဟုတ်ပေ။

ကြိုးစားအားထုတ်မှုသည် အရာခပ်သိမ်းကို အောင်မြင်စေနိုင်သော အကြောင်းတရားပင်ဖြစ်သည်။ ကြိုးစားမှုသည် ဖွဲ့၊ လုံ့လ၊ ဝီရိယကို အခြေခံ၍ မိမိဆောင်ရွက်ရမည့် တာဝန်များကို ဆောင်ရွက်ကြရခြင်းဖြစ်သည်။ ဖွဲ့၊ လုံ့လ၊ ဝီရိယဆိုရာ၌လည်း အချိန်၊ နေရာဒေသနှင့် စနစ်တကျသတ်မှတ်ထားရှိရခြင်းမျိုး ဖြစ်ပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ဖွဲ့၊ လုံ့လ၊ ဝီရိယသည် တစ်နှစ်တာကာလ ပညာသင်ကြားချိန်၌ နေ့စဉ်ပုံမှန် ကြိုးစားအားထုတ်မှုကို ဆိုလိုသည်။ စာမေးပွဲဖြေဆိုရန် အချိန်နီးကပ်လာမှသာ နေ့မအိပ်၊ ညမအိပ် စာကြိုးစားခြင်းသည် လွဲမှားသော ဖွဲ့လုံ့လသာ ဖြစ်ပေလိမ့်မည်။ ကျန်းမာရေးနှင့် ညီညွတ်အောင် ပြုမူနေထိုင်ခြင်းမရှိဘဲ စားချိန်မမှန်၊ မိမိစိတ်ကိုသာ မာန်ဖီ၍အပင်ပန်းခံပြီး ဦးနှောက်ကို အလုပ်ပေးခြင်းသည် ရောဂါရှာယူခြင်းပင် မည်ပေသည်။

၂၀၂၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆိုကြရမည်ဖြစ်သည်။ နေ့ရက်အားဖြင့် အလွန်နီးကပ်နေပြီဖြစ်သော်လည်း အချိန်နာရီအားဖြင့် များစွာကျန်ရှိပါသေးသည်။ ယခုကဲ့သို့ စာမေးပွဲနီးကပ်နေချိန်တွင် မိမိကိုယ်ကို ညှဉ်းဆဲသကဲ့သို့ အချိန်လင့်စွာ အားထုတ်ကြိုးစားရန် မသင့်ပေ။ အချိန်သာကုန်လွန်၍ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ကျန်းမာရေးကို ဂရုစိုက်ကြရမည်။ ကျန်းမာမှသာ ရှင်လန်းသောဉာဏ်ရည်ကို ဖြစ်စေမည်။ သို့မှသာ စာကျက်မှတ်ရာတွင် တက်ကြွလန်းဆန်းမှုရှိပေမည်။ မိဘများ၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများကို ဖိအားပေးခြင်းမပြုဘဲ အချိန်ကို စနစ်တကျဖြင့် တန်ဖိုးရှိစွာ အသုံးချရန် လမ်းညွှန်ပေးကြရမည်ဖြစ်သည်။

> ✣ **စာမေးပွဲခန်းမသို့ ဝင်ရောက်ချိန်တွင်လည်း စိတ်အာဟာရသည် ပို၍အဓိကကျပါသည်။ စိတ်အာဟာရချို့တဲ့သွားစေသော အပြုအမူများကို ဂရုပြုကြရမည်။ စာမေးပွဲခန်းအတွင်းသို့ ယူဆောင် သွားရမည့် ဖြေဆိုခွင့်ကတ်၊ ခဲတံ၊ ဘောပင်၊ ပေတံ စသည့် အသုံးအဆောင်များ မမေ့လျော့ရန် သတိပြုကြရမည်။ စာမေးပွဲခန်းသို့ စာဖြေသူဖြစ်၍ ဝင်ရောက်ဖြေဆိုရမည်သာဖြစ်သည်။ ဖြေဆိုနိုင်ပါ့မလားဟူသည်ကိုတွေး၍ စိတ်ပူရန်မလိုအပ်ချေ။ မဖြစ်မနေ ဖြေဆိုရမည်ကိုသာ စိတ်ထဲမှတ်ထားရမည်။ အောင်မြင်ခြင်း၊ ကျရှုံးခြင်းသည် ကံတရားနှင့် မိမိ၏ကြိုးစားမှုနှင့်သာ သက်ဆိုင်သည်ဟု စိတ်ကိုအာဟာရတိုက်ကျွေး၍ ကြိုးစားဖြေဆိုကြရမည်ဖြစ်သည်**

**ပွဲမဝင်ခင် အပြင်ကကျင်းပ**

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသားလူငယ်များအတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုကို အဆုံးအဖြတ်ပေးသော ပွဲတစ်ပွဲပင်ဖြစ်သည်။ အောင်မြင်မှုတစ်ခုရရှိရန်အတွက် ပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်ဆင်နွှဲခြင်းပင်ဖြစ်သည်။ ပြိုင်ပွဲတစ်ခု ယှဉ်ပြိုင်ရာတွင် မိမိဘက်မှ စနစ်တကျ လေ့ကျင့်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ စာမေးပွဲနီးလာသည်နှင့်အမျှ အနီးကပ်ဟူသော ထင်ကြေးသင်ခန်းစာများကို လူတချို့က ဖြန့်ဝေကြသည်။ ဖြတ်လမ်းနည်းဖြင့် ငွေရှာကြသလို ကျောင်းသားကျောင်းသူများနှင့် မိဘအချို့ကလည်း နားယောင်ကာ ဝယ်ယူကြသည်။ မည်သူမျှ အတိအကျမသိနိုင်သော မေးခွန်းများကို ဝယ်ယူ၍ လေ့ကျင့်ကြခြင်းသည် ငွေကြေးနှင့်အချိန်ကို ဖြုန်းတီးခြင်းသာဖြစ်သည်။ မိမိပိုင်နိုင်သော သင်ခန်းစာတချို့ကိုပင် လက်လွှတ်ဆုံးရှုံးရတတ်ပါသည်။ ထို့ကြောင့် ထင်ကြေးသင်ခန်းစာများကို လေ့လာကြမည့်အစား မိမိပိုင်နိုင်သော သင်ခန်းစာများကိုသာ ထပ်မံလေ့လာခြင်းက ပို၍အကျိုးထူးမည်ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

စာမေးပွဲအချိန်နီးကပ်ပြီဖြစ်၍ ဘာသာရပ်အလိုက် လေ့လာရမည့်စာအုပ်များကို စနစ်တကျစီရီထားရမည်။ တစ်နေ့တာကာလတွင် ဘာသာရပ်အားလုံးကို စိတ်ထဲပေါ်လာသမျှ မွှေနှောက်လေ့လာရမည့်အချိန် မဟုတ်တော့ပေ။ မိမိကိုယ်တိုင် အချိန်ဇယားဖြင့် တစ်နေ့တစ်ဘာသာ သတ်မှတ်ရမည်။ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မိမိအတွက် သေချာသောလေ့လာမှုရှိသည့် သင်ခန်းစာများကိုသာ လေ့လာ၍ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချရမည်ဖြစ်သည်။ သင်ခန်းစာများကို အလွတ်အော်ကျက်ရမည့်အချိန်မဟုတ်တော့ပေ။ လေ့လာသိရှိပြီးသည့် သင်ခန်းစာများကိုသာ မိမိစိတ်ထဲတွင် စွဲမြဲရန် စာဖတ်သကဲ့သို့ဖတ်ခြင်း၊ ပုံပြင်ပြောသကဲ့သို့လေ့ကျင့်ခြင်း၊ မိမိပတ်ဝန်းကျင်နှင့် ဆက်နွှယ်သော သဘောတရားများကို သဘောပေါက်အောင် လေ့ကျင့်ခြင်းတို့ဖြင့် စာမေးပွဲဟူသော ပြိုင်ပွဲကို ယှဉ်ပြိုင်နိုင်ရန် ကြိုးစားအားထုတ်ပြင်ဆင်ကြရမည်သာဖြစ်သည်။

စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဘာသာရပ်တိုင်းကို ပေါ့ဆစွာ လေ့လာခြင်းကို ရှောင်ကြဉ်ရမည်။ မြန်မာဘာသာသည် မိခင်ဘာသာဖြစ်၍ လွယ်ကူသည်ဟု မယူဆသင့်ပေ။ ဘာသာရပ်တိုင်းတွင် ခက်ခဲနက်နဲမှု ရှိပါသည်။ မိခင်ဘာသာရပ်တွင် စာလုံးပေါင်းသတ်ပုံမှန်ကန်မှုရှိအောင် လေ့လာရမည်။ သင်ခန်းစာများ၏ အဓိကဆိုလိုရင်းကို နားလည်သဘောပေါက်အောင် ဖတ်မှတ်ရမည်။ စာစီစာကုံး၊ အဆိုအချေတို့နှင့် ပတ်သက်သောသုတရသများကို မိမိဉာဏ်စွမ်းရှိသရွေ့ လေ့လာဖတ်မှတ်ရပေမည်။ အင်္ဂလိပ်ဘာသာရပ်တွင် Grammar အပိုင်းကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ကြရမည်ဖြစ်သည်။ Subject၊ Verb၊ Noun၊ Tenses များကို ကွဲကွဲပြားပြားသိရှိရန် လေ့လာထားကြရမည်။ သင်္ချာဘာသာရပ်တွင် သီအိုရီများ၊ ပုံသေနည်းများကို သေချာဖတ်မှတ်ထားရမည်။ သင်္ချာဘာသာရပ်သည် အလွတ်ကျက်မှတ်ရသည်မဟုတ်။ ထပ်ခါတလဲလဲ တွက်ချက်လေ့ကျင့်ရမည်သာဖြစ်သည်။

ဓာတုဗေဒဘာသာရပ်တွင် ထုတ်ဖော်ပုံများ၊ ပုံသေနည်းများ၊ ဥပဒေသများကို နားလည်သဘောပေါက်အောင် လေ့လာကြရမည်ဖြစ်သည်။ ရူပဗေဒဘာသာရပ်တွင် စည်းမျဉ်းဥပဒေသများ၊ ရေဖိအား၊ ကမ္ဘာမြေဆွဲအား၊ အလင်းပြန်ခြင်း၊ အပြန်အလှန်သက်ရောက်ခြင်း စသည့်နိယာမများကို နားလည်သဘောပေါက်အောင် လေ့ကျင့်ထားကြရမည်။ ဘောဂဗေဒ၊ ဇီဝဗေဒ စသည့်ဘာသာရပ်များသည် မိမိတို့၏ ခန္ဓာကိုယ်ဖြစ်တည်မှု၊ မိမိပတ်ဝန်းကျင်မှ သဘာဝတရားများ၊ မိမိတို့၏နေ့စဉ်ပြုမူစားသောက်နေထိုင်မှုအတွက် ဝယ်ယူဆောင်ရွက်မှုများဖြင့် ဆက်စပ်လေ့လာကျက်မှတ်ရမည်သာ ဖြစ်သည်။ သို့မှသာ သင်ခန်းစာများကို ဖတ်မှတ်မှုလွယ်ကူပြီး စာမေးပွဲဖြေဆိုရာတွင် များစွာအထောက်အကူပြုမည်သာဖြစ်သည်။

စာမေးပွဲဖြေဆိုရန် နီးကပ်နေသည့် ယခုအချိန်အခါတွင် အုပ်စုဖွဲ့၍ စာကျက်မှတ်ခြင်းကို ရှောင်ကြဉ်ကြရမည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားသည် နေရာတိုင်းတွင် ညီတူသည်မဟုတ်။ မိမိလေ့လာလိုသော သင်ခန်းစာနှင့် တစ်ဖက်သူလေ့လာလိုသော သင်ခန်းစာတို့သည် မတူညီနိုင်ပေ။ ထိုအခါ စိတ်အနှောင့်အယှက်ဖြစ်၍ စာကျက်မှတ်ခြင်းကို ထိခိုက်စေနိုင်ပါသည်။ လေ့လာလိုသော သင်ခန်းစာ တူညီသော်လည်း ရံဖန်ရံခါစကားပြောဆိုခြင်းပြုမိသည့်အခါ သင်ခန်းစာများ ကျက်မှတ်ချိန်ကို လျော့နည်းသွားစေပါသည်။ နှစ်ဦးနှစ်ဖက်အကျိုးမရှိသော ရလဒ်ကိုသာလျှင် စံစားကြရမည်ကို သတိပြုဆင်ခြင်ကြရမည်။ မိဘများကလည်း စာမေးပွဲနီးကပ်ချိန်တွင် မိမိ၏သားသမီးများကို အပေါင်းအဖော်များဖြင့် ဝိုင်းဖွဲ့၍ သင်ခန်းစာလေ့လာခြင်းကို ခွင့်မပြုသင့်ပေ။ ထို့ပြင် မနားမနေ သင်ခန်းစာများ လေ့လာစေခြင်း၊ တစ်ပါးသူထက်သာလွန်စေရန် ဖိအားပေးခြင်း၊ မလိုအပ်သော အော်ငေါက်ခြင်း အပြုအမူများကို ရှောင်ကြဉ်ကြရပေမည်။ မိဘများဖြစ်စေလိုသော ဆန္ဒနှင့် သားသမီးတို့၏ ဉာဏ်ရည်ဉာဏ်သွေး ကြိုးစားအားထုတ်မှုတို့ကိုသာ ချိန်ဆ၍ အားပေးစကားပြောကြားကြရမည်သာဖြစ်သည်။

**စိတ်အာဟာရ**

လူသားတို့အတွက် အရေးကြီးဆုံးအရာမှာ စိတ်အာဟာရပင်ဖြစ်သည်။ မိမိ၏စိတ်သည် မိမိအောင်မြင်တိုးတက်မှုတွင် အရေးအပါဆုံး အရာဖြစ်သည်။ စိတ်ဓာတ်ကျဆင်းနေသူတစ်ဦးသည် ရုပ်ရည်ပါပြောင်းလဲ၍ အရာရာတိုင်းတွင် ပျော့ညံ့နေတတ်သည်။ အရာရာတိုင်းကို “မဖြစ်နိုင်ပါဘူး” ဟူသောစကားလုံးဖြင့် အရှုံးပေးနေရတတ်သည်။ အောင်မြင်ခြင်းဟူသည် များစွာ ဝေးကွာနေပေလိမ့်မည်။ ထို့ကြောင့် မိမိတို့၏စိတ်ကို မိမိတို့ကိုယ်တိုင် အာဟာရတိုက်ကျွေးရန်လိုအပ်ပါသည်။ ဤလောက၌ မိမိတို့ ပြုလုပ်၍မရသော အရာမရှိ၊ မပြုလုပ်ရသေးသည်သာ ရှိသည်ဟူသော စကားလုံးကို ကျောင်းသားကျောင်းသူများ စိတ်နှလုံးသွင်းထားကြရမည်။ မိမိသည် စာဖြေဆိုသူဖြစ်သည့်အလျောက် ဖြေဆိုနိုင်ရမည်ဟူသော စိတ်နှလုံးသွင်းထားရမည်။ မိမိကျက်မှတ်ထားသော သင်ခန်းစာများကို ကောင်းစွာဖြေဆိုနိုင်မည်မှာ သေချာသည်ဟူသော စိတ်ကိုဆုပ်ကိုင်၍ စိုးရိမ်စိတ်တို့ကိုဖြေဖျောက်ကြရမည်။ မိမိကျက်မှတ်ထားသည့် သင်ခန်းစာများသည်သာ အကောင်းဆုံးမေးခွန်းဖြစ်လာမည်ဟု ယုံကြည်ထားကြရမည်ဖြစ်သည်။

စာမေးပွဲခန်းမသို့ ဝင်ရောက်ချိန်တွင်လည်း စိတ်အာဟာရသည် ပို၍အဓိကကျပါသည်။ စိတ်အာဟာရချို့တဲ့သွားစေသော အပြုအမူများကို ဂရုပြုကြရမည်။ စာမေးပွဲခန်းအတွင်းသို့ ယူဆောင်သွားရမည့် ဖြေဆိုခွင့်ကတ်၊ ခဲတံ၊ ဘောပင်၊ ပေတံ စသည့် အသုံးအဆောင်များ မမေ့လျော့ရန် သတိပြုကြရမည်။ စာမေးပွဲခန်းသို့ စာဖြေသူဖြစ်၍ ဝင်ရောက်ဖြေဆိုရမည်သာဖြစ်သည်။ ဖြေဆိုနိုင်ပါ့မလားဟူသည်ကိုတွေး၍ စိတ်ပူရန်မလိုအပ်ချေ။ မဖြစ်မနေ ဖြေဆိုရမည်ကိုသာ စိတ်ထဲမှတ်ထားရမည်။ အောင်မြင်ခြင်း၊ ကျရှုံးခြင်းသည် ကံတရားနှင့် မိမိ၏ကြိုးစားမှုနှင့်သာ သက်ဆိုင်သည်ဟု စိတ်ကိုအာဟာရတိုက်ကျွေး၍ ကြိုးစားဖြေဆိုကြရမည်ဖြစ်သည်။

စာမေးပွဲမေးခွန်းသည် အချိန်သုံးနာရီကြာ ဖြေဆိုရမည်ဖြစ်၍ အချိန်မပြည့်သေးဘဲ စာမေးပွဲခန်းမအပြင်သို့ ပြန်ထွက်ခြင်းကို ရှောင်ကြဉ်ကြရမည်။ စာမေးပွဲခန်းထဲတွင်အချိန်ပြည့်နေခြင်းသည် တန်ဖိုးရှိသည်ကို နားလည်သဘောပေါက်ကြရမည်။ အချိန်နှင့်အမျှ မိမိကျက်မှတ်လေ့လာဖူးသော သင်ခန်းစာများကို ပြန်လည်မှတ်မိခဲ့လျှင် ဖြည့်စွက်ဖြေဆိုခွင့်ရှိသည်။ ဘဝတစ်ဆစ်ချိုးအတွက် တစ်မှတ်ဟူသော အမှတ်သည်လည်း များစွာအရေးပါသည်ကို သိကြရမည်။ စာမေးပွဲခန်းပြင်ပသို့ ထွက်လာပြီးမှ ပြန်လည်ဝင်ရောက်ဖြေဆိုခွင့်ရမည်မဟုတ်။ အချိန်လွန်နောင်တမဖြစ်ရန် ဂရုစိုက်ကြရန်လိုအပ်ကြောင်း ရေးသားအကြံပြုလျက် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသားကျောင်းသူတိုင်း လွယ်ကူစွာ ဖြေဆိုအောင်မြင်နိုင်ကြပါစေဟု ဆုမွန်ကောင်းပို့သလိုက်ရပေသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၁၈၉၅၁ ဦး ဖြေဆိုမည်

**ရန်ကုန် မတ် ၉**

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျောင်းသား ကျောင်းသူ ၁၈၉၅၁ ဦး ဖြေဆိုမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၇၃ ခု ဖွင့်လှစ်ထားရှိပြီး ကျောင်းသား ၈၆၀၉ ဦး၊ ကျောင်းသူ ၁၀၃၄၂ ဦး ဖြေဆိုမည်ဖြစ်ရာ ပြင်ပမှဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၅၀၉ ဦးလည်း ပါဝင်သည်။ စာမေးပွဲတွင် သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲနှင့် ဝိပ္ပံတွဲတို့ကို ဖြေဆိုရမည်ဖြစ်ပြီး ယခုနှစ်တွင်လည်း စိတ်ကြိုက်မြန်မာစာဘာသာရပ်၌ တစ်ဦးတည်း ဖြေဆိုသွားရန်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်က "ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဟာ Grade 12 စနစ်သစ်ရဲ့ ပထမဆုံးကျင်းပတဲ့ စာမေးပွဲလည်း ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးလည်း အတူတူပါပဲ။ Grade 12 ဟာ သင်ရိုးသစ်လည်းဖြစ်သလို ဆရာတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ပထမဆုံးရင်ဆိုင်ရမယ့် စာမေးပွဲလည်း ဖြစ်ပါတယ်။ ပထမဆုံးကြုံတွေ့ရမယ့် စာမေးပွဲဖြစ်တာကြောင့် ဆရာတွေအနေနဲ့ သင်ကြားရေးပိုင်းမှာ၊ သင်ယူမှုအပိုင်းမှာ အထူးဂရုစိုက်ပြီး လေ့ကျင့်သင်ကြားပေးခဲ့ကြပါတယ်။ မိဘများရဲ့ ပံ့ပိုးမှုလည်း ရှိခဲ့ပါတယ်။ သင်ရိုးသစ်၊ မေးခွန်းပုံစံအသစ်နဲ့ ပထမဆုံးရင်ဆိုင်ရတဲ့ စာမေးပွဲဖြစ်တာကြောင့် စိတ်ဝင်စားမှုရှိပြီး စိုးရိမ်မှုအချို့ရှိကြပေမယ့် ကြိုးစားအားထုတ်မှုရှိတာကို တွေ့ရပါတယ်။ ပညာရေးဝန်ထမ်းများအနေနဲ့ ရင်ဆိုင်ရမယ့် အခက်အခဲတွေကို စိတ်အေးချမ်းစွာကျော်လွှားနိုင်အောင် အဘက်ဘက်က ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျောင်းသူကျောင်းသားများအနေနဲ့ မိမိတို့ဖြေဆိုရမယ့် ကာလမှာ ကျန်းမာရေးကို ဂရုစိုက်ပြီး တစ်နှစ်တာ ကြိုးစားထားမှုအပေါ်မှာ အစွမ်းကုန်အားထုတ်ပြီး ဖြေဆိုသွားမယ်ဆိုရင် မိမိတို့နဲ့ထိုက်တန်တဲ့ အောင်မြင်မှုအသီးသီးကို ရရှိကြမှာပါ"ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ Grade 12 သင်ရိုးသစ်ဘာသာရပ်များကို သိရှိနားလည်နိုင်စေရန် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ဝေသည့် Grade 12 သင်ရိုးသစ်နှင့်စပ်လျဉ်းသည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများကိုလည်း ကျောင်းများတွင် လေ့ကျင့်သင်ကြားပေးခဲ့ပြီး နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည့် ပါမောက္ခများ၏ ဘာသာရပ်အလိုက် ဆွေးနွေးမှုများနှင့် မေးခွန်းပုံစံများကိုလည်း အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာဖြင့် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖြေဆိုရမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျောင်းသား ကျောင်းသူများ သင်ရိုးသစ်ဘာသာရပ်များကို ကောင်းမွန်စွာသင်ကြားနိုင်ရန် ဆရာ ဆရာမများအား 'သင်ကြားရေးစွမ်းရည်မြှင့်' သင်တန်းများဖြင့် ပံ့ပိုးကူညီခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဦးတည်၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ**
**(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိ

**မတ် ၁၁ ရက်မှ ၁၉ ရက်အထိ နေ့စဉ်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**

### ဟိုပုံး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းမှ စာစစ်ဌာနကျောင်းများဖြစ်သော အထက(၁) နှင့် အထက(၂) ကျောင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဖြိုးနိုင်ဦး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဝေနှင့် တာဝန်ရှိသူများက မတ် ၈ ရက်တွင် ကွင်းဆင်းစစ်ဆေး၍ ဖြေဆိုနေစဉ်ကာလအတွင်း မီးလောင်၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ လာရောက်တည်းခိုမည့် အစီအစဉ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့သည်။

ဟိုပုံးမြို့နယ် အထက(၁) စာစစ်ဌာနတွင် ဟိုပုံးမြို့နယ်မှ ကျောင်းသား ၁၇၄ ဦး၊ ကျောင်းသူ ၃၂၈ ဦး ဝင်ရောက် ဖြေဆိုမည်ဖြစ်ပြီး ဆီဆိုင်မြို့နယ်မှ စာစစ်ဌာနလေးခုဖြစ်သည့် အထက (ဆီဆိုင်)၊ အထက (ဘန်းယဉ်)၊ အထက(ဆိုက်ခေါင်)နှင့် အထက(ထမ့်ယမ်း) စာစစ်ဌာနတို့မှ ကျောင်းသား ကျောင်းသူ ၃၉၁ ဦးတို့မှာ ဟိုပုံးမြို့ အထက(၂)စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

### ညောင်ဦး

ညောင်ဦးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)၊ အခြေခံပညာအထက်တန်းကျောင်း(တောင်ဇင်း) စာစစ်ဌာနတို့တွင် ကျင်းပမည်ဖြစ်ပြီး ကျောင်းတွင်းဖြေ ၂၃၇ ဦး၊ အပြင်ဖြေ ၁၅၇ ဦး စုစုပေါင်း ၃၉၄ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် လျှောက်ထားသည့် ကျောင်းသား ကျောင်းသူများကို စာစစ်ဌာနကျောင်းများ၌ စာမေးပွဲဖြေဆိုခွင့်ကတ်များ ပိတ်ရက်မရှိထုတ်ပေးလျက်ရှိကြောင်းနှင့် စာမေးပွဲ ဖြေဆိုချိန်ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် လိုအပ်သောစာစစ်ဌာန လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အခြား လုံခြုံရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဒီပါလင်း**



### ကော့ကရိတ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၃၀၃ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ ကော့ကရိတ်မြို့နယ်၌ နဘူး အထက စာစစ်ဌာနတစ်ခုတည်းထားရှိ၍ စာမေးပွဲကျင်းပမည်ဖြစ်ပြီး စာမေးပွဲတွင် ကော့ကရိတ်မြို့နှင့် ကျုံးဒိုးမြို့ရှိ မြို့ပေါ် စာသင်ကျောင်း ခြောက်ကျောင်းနှင့် ကျေးရွာများရှိ စာသင်ကျောင်း ၁၃ ကျောင်းတို့မှ ကျောင်းတွင်းဖြေဆိုသူ ၂၉၈ ဦးနှင့် အပြင်ဖြေဆိုသူ ငါးဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

### ချီဖွေ

ကချင်ပြည်နယ် ချီဖွေမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၄၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ စာမေးပွဲကို အခြေခံပညာအထက်တန်းကျောင်း (ချီဖွေ) စာစစ်ဌာနတွင် ကျင်းပမည်ဖြစ်ပြီး အထက(ချီဖွေ)နှင့် အထက (နိုဇွန်ဘော်)မှ ကျောင်းသား ၂၁ ဦး၊ ကျောင်းသူ ၂၁ ဦး စုစုပေါင်း ၄၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို အဆင်ပြေအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အထက(၁)မြိတ် စာစစ်ဌာန၊ အထက(၂)မြိတ် စာစစ်ဌာန၊ အထက(ကျွဲကူး) စာစစ်ဌာနနှင့် အထက (အင်္ဂမော်) စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ၄၆၆ ဦး၊ ကျောင်းသူ ၇၅၈ ဦး စုစုပေါင်း စာရင်းရှိ ၁၂၂၄ ဦး ရှိကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် တာဝန်ရှိသူများက စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများတွင် လုံခြုံရေးနှင့် စာစစ်ဌာနများအလိုက် စာမေးပွဲဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိပြီးဖြစ်ကာ စာစစ်မှူးရုံးခန်း၊ စာဖြေခန်းများ၊ ကျန်းမာရေးခန်း၊ သန့်စင်ခန်း၊ စာဖြေအဝင် အထွက်ဂိတ်များကိုလည်း ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) သင်တန်းဆင်း

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကို မတ် ၈ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဆန်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သော ပြည်သူဗဟိုပြုသည့် ကောင်းမွန်သောအုပ်ချုပ်ရေးယန္တရား တည်ဆောက်နိုင်ရေးအတွက် ဌာန၏ရည်မှန်းချက်ဖြစ်သော တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအသိပညာ၊ အတတ်ပညာများ၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်နှင့် စံ(၅)ရပ်ဖြင့် ပြည့်စုံသော အုပ်ချုပ်ရေးမှူးကောင်းများဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားကာ ဆုရရှိသူများအား ဆုတံဆိပ်များနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း ဘဏ္ဍာရေးမှူး ဦးကျော်မြင့်ထွန်းက သင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁ ရက်မှ မတ် ၃ ရက်အထိ သင်တန်းကာလ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြကာ သင်တန်းဆင်းပွဲသို့ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးရေးသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဌာနဆိုင်ရာ သင်တန်းကျောင်းများမှ နည်းပြအရာရှိများ တက်ရောက်ခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နဲ့ မဝေးလှတဲ့ နေရာက

# ဆိတ်ငြိမ်ကမ္ဘာလေး ဘူးလယ်အင်းဗီလာ

ယဉ်လာဒ်

**မြို့ပြရဲ့မွန်းကျပ်မှုတွေဆီကနေ ထွက်သွားနိုင်မယ့် ဆိတ်ငြိမ်ကမ္ဘာလေးလို့ ပြောရလောက်အောင် တကယ့်ကို တိတ်ဆိတ်တဲ့ နေရာလေးတစ်ခုဖြစ်ပြီး ရန်ကုန်မြို့နဲ့လည်း မဝေးလှတဲ့ ဘူးလယ်အင်းဗီလာ (Bulaeinn Villas) ကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ လမ်းညွှန်ဖော်ပြပေးချင်ပါတယ်။**



ဘူးလယ်အင်းဗီလာဟာ ရန်ကုန်မြို့ကနေ ပဲခူးကို အသွားလမ်း ပဲခူးမြို့အနီး ၁၀ မိုင်ကုန်းမှာ တည်ရှိပါတယ်။ အမြန်လမ်း ၁၀ မိုင်ကုန်းမှာဆင်းပြီး ဓမ္မဒူတဓမ္မရိပ်သာ ဆိုင်းဘုတ်လမ်းအတိုင်း လမ်းလျှောက်ပြီးဝင်ရင် မိနစ်အနည်းငယ်လောက်သာ ကြာပြီးနောက် ဆိတ်ငြိမ်ကမ္ဘာလေးလို့ တင်စားနိုင်တဲ့ ဘူးလယ်အင်းဗီလာကို ရောက်ရှိမှာဖြစ်ပါတယ်။ ရန်ကုန်ကနေ ကားမောင်းရင် အလွန်ဆုံး နှစ်နာရီဝန်းကျင်သာ ကြာမြင့်မှာဖြစ်ပြီး ရွှေပြည် Resort အကျော်လေးမှာ တည်ရှိပါတယ်။

လည်ပတ်စရာနေရာတစ်ခုထက် အနားယူစရာနေရာတစ်ခုလို့ဆိုနိုင်ပြီး ပိတ်ရက်တွေမှာ မိသားစုလိုက် အေးအေးဆေးဆေး အပန်းဖြေအနားယူချင်သူတွေအတွက် တကယ့်ကိုနှစ်ခြိုက်စေမယ့် နေရာတစ်ခုဖြစ်စေမှာ အမှန်ပါပဲ။ ခြံဝင်းက ဧက ၃၀ ရှိပြီး လျှောက်လမ်းတွေနဲ့ အနားယူနိုင်တဲ့ ထိုင်ခုံလေးတွေ၊ ညဘက်မှာ မီးတိုင်ထွန်းလို့ရမယ့် တိုင်တွေကို ထားပေးထားပါတယ်။ စိမ်းလန်းနေတဲ့ မြက်ခင်းစိမ်းတွေနဲ့ ပနံသင့်လှပနေတဲ့ အဆောက်အအုံတွေကို မတူညီတဲ့ဒီဇိုင်းတွေနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။

### သဘာဝနဲ့ ထိတွေ့လို့ရတဲ့ နေရာ

ဘယ်နေရာကြည့်ကြည့် စိမ်းစိုပြီး လှပတဲ့ မြက်ခင်းတွေကို တွေ့မြင်နိုင်ပါတယ်။ စိမ်းစိုစိုတောအုပ်လေးထဲမှာ သာယာတဲ့ ကျေးငှက်သံလေးတွေကို နားထောင်ပြီး သဘာဝနဲ့ထိတွေ့လို့ရတဲ့ နေရာတစ်ခုလည်းဖြစ်ပါတယ်။

ဘူးလယ်အင်းဗီလာဟာ ဧက ၃၀ ကျယ်ဝန်းတဲ့ သဘာဝဥယျာဉ်ကြီးတစ်ခုထဲမှာ နွေမိုးဆောင်း သုံးရာသီစလုံး အေးအေးဆေးဆေး အပန်းဖြေနိုင်အောင် ဖန်တီးပေးထားတဲ့ Luxury Vibe ခံစားလို့ရတဲ့ နေရာတစ်ခုလို့ ဆိုနိုင်ပါတယ်။ မြက်ခင်းတွေ၊ စမ်းချောင်းလေးတွေ၊ ကျွဲကောခြံတွေ၊ သစ်ပင်တွေနဲ့ စိမ်းစိုလှပနေတဲ့ သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးထားတဲ့အပြင် ခြံကျယ်ကြီးထဲမှာ ဘဲလေးတွေ၊ ဆိတ်လေးတွေ၊ မန်ဒါလီတွေနဲ့



နွားလေးတွေကိုလည်း ဒီအတိုင်း လွှတ်ထားတာမို့ တကယ့်သဘာဝပတ်ဝန်းကျင်ထဲ ရောက်နေသလို ရသကိုရရှိစေပါတယ်။ Outdoor Activities တွေအနေနဲ့တော့ စက်ဘီးစီး ဒါမှမဟုတ် ရေကူးလို့လည်း ရပါတယ်။

ဘူးလယ်အင်းဗီလာထဲက အဆောက်အအုံ တစ်ခုချင်းစီကိုလည်း ရသတစ်ခုစီကို ပေးစွမ်းနိုင်အောင် ပုံဖော်ဖန်တီးထားတဲ့ အဆောက်အအုံ ဒီဇိုင်းတွေနဲ့ တည်ဆောက်ထားတာ တွေ့ရပါတယ်။ အဆောက်အအုံတွေရဲ့ နာမည်တွေကလည်း စိတ်ဝင်စားစရာပါ။ ပေါ်ဦး၊ ဝန်ဇင်း၊ မဟော်သဓာ၊ ကင်းဝန်စတဲ့ ရှေးပညာရှိအမတ်ကြီးတွေရဲ့ နာမည်တွေကို အမည်သညာပေးထားပါတယ်။

**ဘူးလယ်အင်းဗီလာထဲက အဆောက်အအုံ တစ်ခုချင်းစီကိုလည်း ရသတစ်ခုစီကို ပေးစွမ်းနိုင်အောင် ပုံဖော်ဖန်တီးထားတဲ့ အဆောက်အအုံ ဒီဇိုင်းတွေနဲ့ တည်ဆောက်ထားတာ တွေ့ရပါတယ်။ အဆောက်အအုံတွေရဲ့ နာမည်တွေကလည်း စိတ်ဝင်စားစရာပါ။ ပေါ်ဦး၊ ဝန်ဇင်း၊ မဟော်သဓာ၊ ကင်းဝန် စတဲ့ ရှေးပညာရှိအမတ်ကြီးတွေရဲ့ နာမည်တွေကို အမည်သညာပေးထားပါတယ်**

စာရေးသူကတော့ ပေါ်ဦးအဆောက်အအုံကို သဘောကျမိပါတယ်။ ပေါ်ဦးအဆောင်မှာ အခန်းသုံးခန်းပါဝင်ပါတယ်။ ပေါ်ဦးအဆောက်အအုံ အတွင်းပိုင်းကို ဝင်လိုက်ပြီဆိုရင်ပဲ စိတ်ကိုအေးချမ်းမှု ပေးစွမ်းနိုင်အောင် ဖန်တီးထားတဲ့ အပြင်အဆင်တွေနဲ့ နားနေချင်စဖွယ်ကောင်းအောင် ဖန်တီးပေးထားမှုတွေက မိမိအိမ်ကို ရောက်နေတဲ့ စိတ်ခံစားမှုမျိုးကို ပေးစွမ်းနိုင်တာကို တွေ့ရပါတယ်။ အတွင်းပိုင်း အလှဆင်ထားတဲ့ ပုံစံကလည်း စိတ်ကို ကြည်နူးစေပါတယ်။ အခန်းဖွဲ့စည်းပုံကအစ နေချင်စဖွယ်ကောင်းအောင် တည်ဆောက်ထားတဲ့ ဒီဇိုင်းပညာရှင်ရဲ့ စိတ်ကူးစိတ်သန်းကိုလည်း မှန်းဆမိပါတယ်။

### အဆောက်အအုံ ခုနစ်လုံးရှိ

လက်ရှိအချိန်မှာ ဘူးလယ်အင်းဗီလာမှာ အဆောက်အအုံ ခုနစ်လုံး ရှိနေပြီဖြစ်ပါတယ်။ “Amara House (အမရာအိမ်) နဲ့ AVA House (ဧဝအိမ်) ကတော့ ၂၀၂၃ မှာ စတင်ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ဗီလာခုနစ်လုံးဖြစ်သွားပြီး အခန်းပေါင်း ၁၅ ခန်း ရှိသွားပါပြီ” လို့ ဘူးလယ်အင်းဗီလာရဲ့ တာဝန်ရှိသူတစ်ဦးက စာရေးသူကို ပြောပြပါတယ်။

ဘူးလယ်အင်းဗီလာမှာ နားနေတည်းခိုရင်း ကိုယ်တိုင်ဟင်းလျာတွေ ချက်ပြုတ်စားသောက်ချင်သူတွေအတွက် ကိုယ်တိုင်ချက်ပြုတ်နိုင်ဖို့ စီစဉ်ပေးထားတာကလည်း ထူးခြားလှတဲ့ ဝန်ဆောင်မှုတစ်ခုပါ။ ညအိပ်ညနေ မဟုတ်ဘဲ Day Trip အနေနဲ့ လာရောက်အပန်းဖြေမယ်ဆိုရင် တစ်ဦးချင်းစီကို အမေရိကန်ဒေါ်လာ ၃၀ နှုန်းနဲ့ အနည်းဆုံး လူရှစ်ယောက် လာရောက်နိုင်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ဗီလာအဆောက်အအုံမှာ နေနိုင်ပါတယ်။ အခန်းအမျိုးအစား ဈေးနှုန်းတွေကတော့ နှစ်ယောက်ခန်းတစ်ခန်းကို ၈၅ ဒေါ်လာကနေ မိသားစုနေလို့ရမယ့်အခန်းဆိုရင် ဒေါ်လာ ၃၀၀ အထိ အမျိုးမျိုးရှိပါတယ်။ Day Trip လာရောက်ချင်သူတွေအနေနဲ့ မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ လာရောက်အပန်းဖြေနိုင်ပြီး နေ့လယ်စာကို ဟိုတယ်က ဧည့်ခံမှာဖြစ်ပါတယ်။

### သီးသန့်ကမ္ဘာလေး တစ်ခုလို

အေးချမ်းတိတ်ဆိတ်မှုကို သဘောကျသူတွေအနေနဲ့ကတော့ ရန်ကုန်မြို့နဲ့ မဝေးတဲ့နေရာမှာရှိပြီး သီးသန့်ကမ္ဘာလေးတစ်ခုလို ဖန်တီးပေးထားတဲ့ ဘူးလယ်အင်းဗီလာကို နှစ်ခြိုက်မှာဖြစ်ပါတယ်။ မိသားစုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ အပေါင်းအသင်းတွေနဲ့ဖြစ်စေ သွားရောက်အနားယူနိုင်သလို သီးသန့်ခြံကျယ်ကြီးမှာ မွေးနေ့လုပ်ချင်သူတွေ၊ ပျော်ပွဲစားထွက်ချင်သူတွေအတွက်လည်း အကြိုက်တွေ့စေမယ့် နေရာတစ်ခုဖြစ်ပါတယ်။

မြို့ပြရဲ့ မွန်းကျပ်မှုတွေအောက်ကနေ ခေတ္တရုန်းထွက် အနားယူချင်သူတွေအတွက် တကယ့်ကို သင့်တော်တဲ့ ပဲခူးမြို့အနီး ၁၀ မိုင်ကုန်း ဘူးလယ်အင်းကျေးရွာမှာရှိတဲ့ ဘူးလယ်အင်းဗီလာဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြလိုက်ပါတယ်။ ။





## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၃-၂၀၂၄ တနင်္ဂနွေနေ့

**MRTV**

[illegible]
Sports Diary
Economic Review
This Week's Special Interest
MRTV National News

**mitv**

07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:08 Wushu Kids & Their Limit (Ep-3)
07:23 Malikha & Fairy Island
07:36 Skilled Performance of Traditional Myanmar Colored Glass Ball
08:01 News
08:27 Myanmar's Bamboo Hat
08:41 Commercial Farming to GDP Growth, Jasmine Grower
09:01 Let's venture to a natural wonder
09:17 Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary
09:24 Myanmar Traditional Snacks: Sago Syrup with Sweet Potato
09:30 Myanmar Masterclass: Artist Hla Phone Aung
09:44 Tha Khut Salad (Myanmar Style)
10:28 Dough Artist's Dream

**MRTV**

[illegible]

**MRTV**

[illegible]
Next Level
MRTV National News
News Desk

**MRTV**

[illegible]
Satyaprem, Ki, Katha 2023
Suzume

**MRTV Sports**

Weekly Sports Info
MNL 2022 Match(Replay)
Weekend News

MRTV Application
Android iOS Huawei
Education Channel [illegible]

# ပဲခူးမြို့နယ်ရှိ ကလိ–တပ်ကလေးမြောက်စုလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် အုတ်ဖို–ကျုံးရိုး ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီး

**ပဲခူး မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူး ခရိုင် ပဲခူးမြို့နယ်အတွင်းရှိ ကလိ – တပ်ကလေး မြောက်စုလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် အုတ်ဖို–ကျုံးရိုးကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၈ ရက်က ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့် တာဝန်ရှိသူများသည် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ရေးဦးစွာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့်တာဝန်ရှိသူများသည် ကလိ–တပ်ကလေးမြောက်စုလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ကျေးလက်လမ်း အုတ်ဖို–ကျုံးရိုးကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ပဲခူးမြို့နယ်အတွင်းရှိ ကလိ–တပ်ကလေးမြောက်စုလမ်းသည် အရှည် ဝ ဒသမ ၇၆၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိပြီး ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စု (ပြင်ထိန်း)ရန်ပုံငွေဖြင့် ပဲခူးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာနမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သည်။ အုတ်ဖို – ကျုံးရိုးတံတားသည် အရှည်ပေ ၁၂၀၊ အကျယ်ပေ ၂၀ ရှိပြီး ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အောင်နိုင်မြန်မာကုမ္ပဏီမှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီး သွားပြီဖြစ်ပြီး တံတားချဉ်းကပ်လမ်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ပေးခြင်းကြောင့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများကိုလည်း ကုန်ကျစရိတ်သက်သာစွာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သက်ထက်**


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၀၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News

## တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၉**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ – ၃ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၀ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၃၃၉ | ၂၈၁၃၇၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၃၁၂၂ | ၈၇၇၃၆၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၁၂ | ၁၆၃၂၄၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၉၃၁၄ | ၁၃၉၇၁၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၀ | ၅၀၀၀၀ |
| EFR | ၁၈၀၀ | ၁၇၅၀ | ၁၄၂ | ၂၅၀၉၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၆ | ၁၂၁၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၁၂၄ | ၁၉၁၇၀၀၀ |

# ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရို ဂျင်ဒိုင် အောက် ဆိုဒ် | အို ဇုန်း | ကာဗွန် မို နောက် ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | သန်လျင်မြို့နယ် | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၄ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| | ၅ | ရွှေပြည်သာမြို့နယ် | ကောင်းမွန် | | | | | |
| | ၆ | ဒလမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် | ကောင်းမွန် | | | | |
| | ၂ | မတ္တရာမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | အောင်မြေသာစံမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ပုသိမ်ကြီးမြို့နယ် | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၅ | ညောင်ဦးမြို့နယ် | ကောင်းမွန် | | | | | |
| | ၆ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | | ကောင်းမွန် | |
| | ၂ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | လက်ခံနိုင်သော | | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | ကျောက်ဖြူမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သံတွဲမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | | ကောင်းမွန် | | | |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ကျိုင်းတုံမြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | | | | | |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



မြန်မာ့အလင်းသတင်းစာ လူမှုကူညီရေးအဖွဲ့ဝင် (ဥက္ကဋ္ဌဟောင်း)ဦးစိုးမြင့် (သတင်းထောက်၊ ဆောင်းပါးရှင် (ခရမ်း-စိုးမြင့်) ကွယ်လွန်သွားသည့်အတွက် အဖွဲ့၏ နာရေးထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ကို အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း (တညင်လေး)၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးသိန်း(ကိုကြီးစိုး) တို့က မတ် ၉ ရက်တွင် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၃-ရပ်ကွက်၊ ဟန်လင်းလမ်း၊ အမှတ် -၇၉၂(က)၊ ဟုခေါ်တွင်သော အလျား ပေ(၂၀) x အနံပေ (၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေချပါမစ်အမည်ပေါက် ဦးတင်မြင့် (၈/ဆမန(နိုင်)၀၃၂၅၂၄) ကိုယ်တိုင် ကျွန်ုပ်မိတ်ဆွေ အား ရောင်းချလိုပါကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေက သဘောတူလက်ခံပြီး၊ ယင်းမြေကွက်နှင့်နေအိမ်အား အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ၊ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးလှဝင်း (ဥပဒေတွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄)

အမှတ် (၁၆၂၀/က)၊ ဦးမင်းလမ်း၊ ၄၂-ရပ်ကွက်၊ မ/ဒဂုံမြို့နယ်၊

Ph : 09420006099, Ph: 095119961


## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောင်မင်္ဂလာ (၂) လမ်း၊ အမှတ်(၂၈-ခ) ဟုခေါ်တွင်သော (၆၅ x ၂၀) ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်


အထက်ပါလိပ်စာရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ကွယ်လွန်သူ ဖခင် ဦးထွန်းရှိန် အမည်ဖြင့် တည်ရှိပြီး သားသမီးများဖြစ်သည့် (၁) ဒေါ်ခိုင်ခိုင်ဦး ၁၂/ အစန(နိုင်)၁၁၃၈၃၇၊ (၂) ဒေါ်သီတာစိုး ၁၂/အစန(နိုင်) ၁၁၅၁၁၃၊ (၃) ဦးအောင်နိုင်ထွန်း ၁၂/အစန(နိုင်)၁၄၈၃၅၈၊ (၄) ဦးသူရအောင် ၁၂/အစန(နိုင်)၁၇၉၂၉၆၊ (၅) ဦးကျော်ဇောအောင် ၁၂/အစန(နိုင်)၁၇၉၄၇၆၊ (၆) ဒေါ်ချောစုထွေး ၁၂/အစန(နိုင်)၁၇၉၂၈၉တို့ ကျန်ရစ်ခဲ့ပြီး ၎င်းတို့ထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်မျိုးသူ ၁၂/ရပသ(နိုင်)၁၅၅၈၆၇က အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဘိုးငွေ၏ တစ်စိတ်တစ်ဒေသ ငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်ဇော် | ဒေါ်အိအိဖြူ |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀) |
| B. Sc, PGDL, HGP, WIPO (Switzerland) | LL. B, DLP, WIPO (Switzerland) |

အမှတ် (၅၅) ၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၂၆၁၇၁၉၁၄၊ ၀၉-၇၈၇၁၉၂၂၃၁


## သင့်ကြောင့် မီးမလောင်ပါစေနှင့်

မွန်ပြည်နယ် ရေးမြို့နယ်တွင် မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၉ ရက်က မြို့နယ်မီးသတ်စခန်း၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဌေးအောင်က မီးဘေးကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း သရုပ်ပြ လေ့ကျင့်စဉ်။ မြို့နယ်(ပြန်/ဆက်)




## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြန်မာနန်းအကွက်၊ မြေကွက်အမှတ် (၆၀၄)၊ အကျယ်အဝန်း (၆၀ပေ × ၆၀ပေ)ရှိ အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းမြတ် (၃/မဝတ (နိုင်) ၀၀၂၀၁၂) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးအောင်ကိုလတ် (၁၃/တကန (နိုင်) ၀၀၃၀၆၀) နှင့် ဒေါ်ယုယုသင်း (၇/တငန (နိုင်) ၁၀၉၇၁၄)တို့က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆




ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန အကျဉ်းထောင်၌ မတ် ၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသူရလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြ လေ့ကျင့်စဉ်။ မောင်ကျော်ကြီး


## ကန့်ကွက်နိုင်ပါကြောင်း

ဖုန်း-၀၉-၂၁၆၅၁၀၂၊ ၀၉-၇၉၇၃၁၁၇၇၄၊ ၀၉-၂၆၁၂၉၄၅၅၉ ၊ ၀၉-၉၁၄၄၅၆၆၄၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဓမ္မပါလ(၂)လမ်း၊ မြေကွက်အမှတ် (၁၁၅/၃၂၂)၊ မြေရိယာ ၀ ဒသမ ၁၁၅ ဧကရှိ (၁၀)နှစ် မြေငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးသောင်းထိုက်စိုး ၁၄/မမန(နိုင်)၁၃၄၀၉၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇေယျာလင်း ၁၂/သဃက(နိုင်)၁၆၄၁၃၈ က အပြီးအစီး ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုး ခံစားခွင့် အစရှိသည့် အခွင့်အရေး တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါလျှင် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဥပဒေနှင့်ညီညွတ်သော အခြားနည်းလမ်းတစ်ရပ်ရပ်နှင့်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါလျှင် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်ဇာလင်းအောင် (LL.B) ၊ အထက်တန်းရှေ့နေ (စဉ်-၅၁၇၁၂) `
အမှတ်(၇/၂၁၀)၊ စိတ္တသုခလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကလောမြို့။
ဖုန်း-၀၉-၄၀၀၈၂၁၂၈၂

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မကွေးခရိုင်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်စုစုမော် | နှင့် | ၁။ ဒေါ်နီလာအေး |
| | | ၂။ ဒေါ်သီတာဌေး |
| | | ၃။ ဦးလှိုင်ဇေယျာ |
| | | ၄။ ဦးကျော်ထက်စိုး |
| တရားလို | | တရားပြိုင်များ |

မကွေးမြို့၊ ရန်ဝေးရပ်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၆၀)နေ (၂)တရားပြိုင် ဒေါ်သီတာဌေး၊ (၃) တရားပြိုင် ဦးလှိုင်ဇေယျာ၊ (၄) တရားပြိုင် ဦးကျော်ထက်စိုး (ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းဝင့်ဝင့်ဖြူ)
ဒုတိယခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/90020 Dayun 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၁၄/မအပ(နိုင်)၂၀၇၁၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)
မအူပင်

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (ဘ) ဦးသန်းမောင်၏သား မောင်စွမ်းမောင်လျှမ်း ၁၂/ဒဂဆ(နိုင်)၀၀၄၂၆၈ ၏ ပတ်စ်ပို့နံပါတ် (MB-238006)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၅၁၆၃၉၆

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်အုပ်စု၊ ရွှေဘုံသာရပ်တွင်တည်ရှိသော ကွင်း/အကွက်အမှတ် ၁၈/ရှောလီဝိုင်းတောင်ရပ်၊ ဦးပိုင်အမှတ်(N-၇၈၃)၊ မြေကွက် ဧရိယာ ၀ ဒသမ ၀၂၅ ဧက အကျယ်အဝန်းရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၂၅၄၊ (၃ ခန်း၊ ၃ ခန်း)၊ နံကပ်နှစ်ထပ် အဆောက်အအုံသည် ဦးကျော်သန့် ၉/မကန(နိုင်)၁၀၂၂၆၉၊ ဒေါ်မင်းသူဇာ ၉/မကန(နိုင်)၁၁၃၃၅၂ တို့ လက်ရှိထားနေထိုင်ပိုင်ဆိုင်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေများ လက်ရှိထားပိုင်ဆိုင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ပိုင်ဆိုင်မှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်နှင့် စာရွက်စာတမ်းမူရင်း၊ မှတ်ပုံတင်စာချုပ်၊ စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်သန့်၊ ဒေါ်မင်းသူဇာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးစုဝါ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၉၀)
ပ/၂-၃၉၇၊ ပန်းမရွာသစ်ရပ်၊ မိုးကုတ်မြို့။

## အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက်အမည်-မောင်းတိုင်ရပ်၊ ဦးပိုင်အမှတ်(၂၆၃)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ငမင်လမ်း၊ (ခ) အနောက်လားသော် - လမ်းကြား ၊
(ဂ)တောင်လားသော်-ဦးပိုင်အမှတ်(၂၆၁)၊(ဃ)မြောက်လားသော်- ဦးပိုင်အမှတ်(၂၆၄)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ခင်ဝါဝါတင်ပါ(၃)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊
တောင်တွင်းကြီးမြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်အောင် ၈/ဆဖန(နိုင်)၀၉၄၂၅၂၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၄၅၅၃၆၆

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ညောင်ကန်ကျေးရွာအုပ်စု ညောင်ပင်ရွာနေ(ဘ)ဦးကျော်ဆင့်၏ သမီး မအေးအေးမွန် ၈/မကန(နိုင်) ၂၅၈၆၆၃၏ နိုင်ငံကူးလက်မှတ်အမှတ် MG 630228 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၂၇၅ ၁၁၂

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ချောင်းတောင်နေ နန်းခင်စောမူ(ဘ)ဦးကျော်ရင် ၃/ကကရ(နိုင်)၁၂၂၁၄၇ ၏ နိုင်ငံကူးလက်မှတ် MD-934494 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၉၇၄၀၁၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/69684 Honda Alpha 110 M/C ယာဉ်လက်ဝယ်ရှိသူ Myaing Chan Li Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၈)၊ ဦးပိုင်အမှတ် (၅)/၆၃ လမ်း၊ ၁၃၂ x ၁၃၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်သိန်း ၉/မရတ(နိုင်)၀၀၀၁၃၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၀)၊ ဦးပိုင်အမှတ်(၁)၊ ၅၃ လမ်း၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးဟန်လင်း ၉/မဟမ(နိုင်)၀၀၇၈၅၅ က အမှုတွဲအမှတ် ၇၆၃၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၀)၊ ဦးပိုင်အမှတ်(၄-ခ)၊ ၈၀ x ၈၁ လမ်း၊ ၃၁ x ၃၂ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ မသန်းလှ၏ (GP ရရှိသူ ဒေါ်ယဉ်ယဉ်မျိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၄၃၉၀/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော်လင်း ၉/မဟမ(နိုင်)၀၁၁၈၄၀ က အမှုတွဲအမှတ် ၀၈၃၆/ ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဏ)၊ ဦးပိုင်အမှတ်(၁၇)၊ ၆၉ လမ်း၊ သဇင် x ပိတောက်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်ထွေး၏ (GP ရရှိသူ ဦးစံဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၆၉/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိရွှေစင် ၁၃/တယန(နိုင်)၀၁၄၄၀၉ က အမှုတွဲအမှတ် ၇၆၃၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၅၈-က)၊ ၅၆ x ၅၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးသိန်း၏ (SP ရရှိသူ ဦးဆိုင်း(ခ)ဦးမောင်ဆိုင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၅၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဦး ၁၃/နဆန(နိုင်)၀၀၀၁၂၇ က အမှုတွဲအမှတ် ၇၆၃၅/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၇၆)၊ ၇၀အေ၊ ၁၁၀ x ၁၁၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်ဋ္ဌေး၏ (SP ရရှိသူ ဦးဝေယံလင်းထက်၊ ဒေါ်စန်းလှ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၃၈/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇာဇာတင် ၉/တသန(နိုင်)၀၉၂၈၀၁ က အမှုတွဲအမှတ် ၇၆၃၄/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေကွက်အမှတ်(ပ-၂၂၁၅၇)ကို အမည်ပေါက် ဦးဝေလင်း (ဘ) ဦးတင်ဆောင် ၁/တနန(နိုင်)၀၀၅၉၃၆ (ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်ထုလွမ် (ဘ) ဦးခန်ဂျေဖော်လိုင် ၁/မကန(နိုင်)၁၀၁၄၄၈ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

# ဖိုက်ဘာကေဘယ်သွယ်တန်းထားသော ကုမ္ပဏီများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ အသိပေးကြေညာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် Right of Way ဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ကောင်းကင်ဖိုက်ဘာကြိုးများမှာ အမြင်တင့်တယ်မှုမရှိခြင်း၊ ရှုပ်ထွေးနိမ့်ကျနေခြင်း၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်မှုမရှိခြင်းတို့ကြောင့် အဓိကလမ်းမကြီးများ ဖြစ်သည့် ၇၈လမ်း (၂၆လမ်းမှသိပ္ပံလမ်းထိ)၊ ၇၃လမ်း (၂၆လမ်းမှ၄၁လမ်းထိ)၊ ၆၆ လမ်း(၂၆လမ်းမှ သိပ္ပံလမ်းထိ)၊ ၆၂လမ်း (၂၆လမ်းမှသိပ္ပံလမ်းထိ)၊ ၂၇လမ်း (၆၂ လမ်းမှ ၇၈လမ်းထိ)၊ လမ်း ၃၀ (၆၂လမ်း မှ၇၈လမ်းထိ) (၇၉လမ်းမှ၈၄လမ်းထိ)၊ ၃၅ လမ်း(၆၂လမ်းမှ ၇၈လမ်းထိ) (လမ်း၈၀မှ ၈၄လမ်းထိ)တို့တွင် သွယ်တန်းထားသော ကောင်းကင်ဖိုက်ဘာကြိုးများအား Pilot Project အနေဖြင့် မြေအောက် (Underground) ဖိုက်ဘာကေဘယ်လ် ကြိုးများအဖြစ် ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းပိုင်းများတွင် ကောင်းကင်ဖိုက်ဘာကေဘယ်လ်များ သွယ်တန်းထားသော ကုမ္ပဏီများ/ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ (၂၆-၃-၂၀၂၄)ရက် နောက်ဆုံးထား၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတား ဌာနသို့ လာရောက်ဆက်သွယ်ပေးပို့ကြပါရန်နှင့် စာရင်းတင်သွင်းမထားသော ကေဘယ်လ်များအား တရားမဝင်ကေဘယ်လ်ကြိုးများအဖြစ်သတ်မှတ်၍ ဖယ်ရှားသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ကြိုးအမျိုးအစားနှင့် Fiber Core အရေအတွက်
(ခ) အသုံးပြုတပ်ဆင်ထားသည့် အစနေရာနှင့် အဆုံးနေရာ
(ဂ) Fiber Core များ ထပ်မံဖြန့်ခွဲအသုံးပြုပုံ(Core Plan၊ Design)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၄)၊ ဦးပိုင်အမှတ် (၃၃)/၁၂၈လမ်း၊ ၆၁x၆၂လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးကာလီဖား(ခ)တင်မောင်ဆွေ ၉/အမရ(နိုင်)၀၈၂၄၉၄၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၂၅/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝမ်ဖာယုံ ၁၃/ကခန(နိုင်)၀၁၀၃၉၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၈၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးကျော်လင်းစိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသန်းလွင် (ဘ) ဦးဘလွင် ၁၄/သပန(နိုင်)၀၂၄၅၈၂ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၂၈/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးကျော်ဘိုထက်(ဘ) ဦးခင်မောင်ချို ၇/ပမန(နိုင်)၁၂၂၂၅၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/4363 Gantawin L/T GTW-LT-011 Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စီ ၉/မဟမ(နိုင်)၀၂၈၄၇၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/61524 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဖြိုးကျော် ၉/ပကခ(နိုင်)၁၁၀၆၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/76104 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်လွင် ၈/ပဖန(နိုင်)၀၆၈၉၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/56619 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Auto RY Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃ )
သန်လျင်ခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈
ကွယ်လွန်သူ ဒေါ်တီတီအောင်၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်သူဇာအောင် — လျှောက်သူ။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျိုက်အင်းကျေးရွာနေ၊ ဒေါ်သူဇာအောင်က ကွယ်လွန်သူ ဒေါ်တီတီအောင်၏ ညီမအရင်းဖြစ်သည် ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျိုက်အင်းကျေးရွာနေ ကွယ်လွန်သူ ဒေါ်တီတီအောင်မှာ ကျန်ရစ်သော ပစ္စည်းများထံမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်တီတီအောင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်သူဇာအောင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာ)
တွဲဖက်ခရိုင်တရားသူကြီး(၂)
သန်လျင်ခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၈ နှင့် ဆက်နွယ်သည့်
၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

ဒေါ်ခင်မြတ်နွယ် (ဒီကရီအနိုင်ရသူ) နှင့် ဦးတာတီး (တရားရှုံး)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈-၁၁၉ကြား၊ ၆၆-၆၇ကြား(အ-၆/၁၀၅) နေ ဦးတာတီး(ဘ)ဦးလှရင် (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၈ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်မြတ်နွယ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ် စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲလင်းအောင် )
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်ကိုင်းခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈ နှင့် ဆက်နွယ်သည့်
၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ဦးဝင်းနိုင် (ဒီကရီအနိုင်ရသူ) နှင့် ဦးညီညီအောင် (တရားရှုံး)

ဦးညီညီအောင်(ဘ) ဦးဘဟန်၊ ကျောက်အရောင်းအဝယ်၊ ချင်းစုရပ်၊ နန္ဒဝန်ရပ်ကွက်သစ်ရပ်၊ စစ်ကိုင်းမြို့ သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀ ၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်(၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ဝေဖြိုးနိုင်)
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

စာပေမြင့်မှ လူမျိုးတင့်မည်

## ဦးစိုးမြင့်(ခရမ်းစိုးမြင့်)
### သတင်းထောက်၊ ဆောင်းပါးရှင်
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာ၊ အပိုင်း(၄)၊ တိုက်(H)၊ အခန်းအမှတ်(၀၀၇)နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးမင်းလွင်-ဒေါ်ကျော့ကျော့မာ၊ ကိုကျော်မိုးလွင်-မစုစန်မိုးမြင့်၊(ကိုမြတ်သူမောင်)-မဝင်းဝင်းမာ၊ကိုမိုးမြင့်လှိုင်၊ ကိုရေချမ်းမြင့်-မစုခိုင်ဦး တို့၏ ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည်၈-၃-၂၀၂၄ရက်၊ (သောကြာနေ့)ည၁၁:၂၂နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၀-၃-၂၀၂၄ ရက်၊(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၄-၃-၂၀၂၄ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်းမြင့်
### မိတ္ထီလာမြို့
### အသက်(၇၇)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဦးဇော်လင်း-ဒေါ်လှဲ့လှဲ့ဝင်းတို့၏မွေးသမိခင်ကျေးဇူးရှင်ကြီး ဒေါ်အုန်းမြင့်(အသက်-၇၇ နှစ်)သည် မိတ္ထီလာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှသူငယ်ချင်းများ**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်စီစီဝင်း
### အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက-၆ မြောင်းမြ
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်-၁၇၂၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးစောသန်းလွင်)၏ဇနီး၊ စောသာဝင်းလွင်-မခင်ပပကို၊ စောလပ်ကီးကြင်-နော်ဒေါင်းလွင်၊ စောဟယ်ရီစန်ရှီးခူ-နော်ချိုချိုလွင်၊ စောဇော်ဇော်-နော်မေဆုလွင်တို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၉-၃-၂၀၂၄ မွန်းလွဲ ၁၂:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၁-၃-၂၀၂၄ ရက်၊ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် KBC ကရင်နှစ်ခြင်း အသင်းတော် တောင်သူကုန်းအင်းစိန်၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ ၁နာရီ တွင် ထိန်ပင်ခရစ်ယာန်သုသာန်၌ မြေသို့အပ်နှံဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါ်သီသီညွန့်(ဗဟန်း)
### ဇနိတာရာမ မိုးကုတ်ယောဂီ
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံငြိမ်းလမ်း၊ တိုက်အမှတ် ၁၃၊ 5B နေ (ဦးတင်ညွန့်-ဒေါ်ခင်ကြည်)တို့၏ သမီးကြီး၊ ဦးနေဝင်း၏ဇနီး၊ ဦးဇင်ဗိုလ်နေ၊ဦးအယ်ဗိုလ်နေ-ဒေါ်ဝင်းသူဇာ တို့၏မွေးမိခင်၊ မောင်ရာဇဝင်၏ အဘွား ဒေါ်သီသီညွန့်သည် ၉-၃-၂၀၂၄ ရက်(စနေနေ့)နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၅၆) ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ အမှတ် (၉၈၄/ခ) နေ ဒေါ်မြတ်သီရိသန့် (၁၂/မဘန(နိုင်)၁၁၂၂၅၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာချက်ပြုအပ်သည်မှာ-

ကျွန်ုပ်တို့အားတရားဝင်ညွှန်ကြားချက်ပေးသူ ဒေါ်မြတ်သီရိသန့်(ဘ)ဦးမြသိန်းနှင့် ဦးထွန်းအောင်ကျော် (ဘ)ဦးနေဝင်းတို့ တရားဝင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သည့် ကာလအတွင်းတွင် နှစ်ဦးပိုင်သာမန်လက်ထပ်ပွားပစ္စည်း များအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်၊ (၅၆) ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ အမှတ် (၉၈၄/ခ)၊ (၂၄)ပေ x ပေ(၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် လုံးချင်းအိမ်နှင့်ပတ်သက်၍ မြန်မာ့အလင်း သတင်းစာ၌ (၇-၃-၂၀၂၄)ရက် စာမျက်နှာ-၂၈ တွင် ထည့်သွင်းကြေညာခဲ့သည့် ကန့်ကွက်ပါကြောင်းအများသိစေရန် ကြေညာချက်" အား နှစ်ဦးနှစ်ဖက်ညှိနှိုင်းထားသည့်ကတိကဝတ် များအရ ဖြေရှင်းပြေလည်ခဲ့သည့်အတွက် ကန့်ကွက်ခြင်းအား ရုပ်သိမ်းကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဒေါ်တင်ဇာနည်နေဝင်း | ဒေါ်ခင်နီလာအောင် | ဒေါ်သီတာမြင့် |
| (စဉ်-၉၅၇၃) | (စဉ်-၁၅၉၉၃) | (စဉ်-၁၇၄၀၁) |

**တရားလွှတ်တော်ရှေ့နေများ**
အမှတ်-၆၀/ဒီ၊ ပထမထပ်၊ အေးရိပ်သာ(၂)လမ်း၊
တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊
09-43081694,09-450072380, 09-980894579,09-5228165

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဦးခင်မောင်ဖြူ
### အသက် ( ၈၀ )နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ Royal Thukha Condominum ၊ ဓမ္မသုခကျောင်းလမ်း နေ (ဦးရောက်တန်း-ဒေါ်ကျင်ဝမ်)တို့၏ သား၊ (ဦးထွန်းအံ့-ဒေါ်သိန်းရွှေ)တို့သားသမက်၊ ကိုအောင်ကိုခိုင်၊ ကိုသန်းအေး -မဝါဝါခိုင်၊ ကိုသန့်ဇင်ဦး-မသွယ်သွယ်ဖြူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အံ့ဘုန်း၊ မောင်ခန့်ဘုန်း၊ မောင်ဟိန်းမင်း သန့်တို့၏အဘိုး၊ ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၂၄ရက်(စနေနေ့) နံနက် ၈:၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၂၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေး အေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူ အားရည်စူး၍ ၁၅-၃-၂၀၂၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ရဟန်း၊ သီမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ကြည် ( Julie Thaw)
### အသက် (၇၀) နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၄)ရပ်ကွက်၊ ယောမင်းကြီး(၁)လမ်း၊ အိမ်အမှတ်(၁၂၆၂)နေ (ဦးသော်-ဒေါ်ခင်အေးကြွယ်)တို့၏သမီး၊ (ဦးစိုးသန်း)၏ဇနီး၊ ဦးမင်းသော်စိုး-ဒေါ်ကြူကြူခိုင်၊ ဒေါ်အိမွန်သော်စိုး၊ ဦးဘုန်းသော်စိုး-ဒေါ်စန္ဒာမြင့်၏မိခင်၊ မောင်ဇွဲထက်အောင်၊ မောင်အောင်ဘုန်းခန့်တို့၏ အဘွားဖြစ်သူ ဒေါ်မြင့်မြင့်ကြည် အသက် (၇၀)နှစ် သည် ၈-၃-၂၀၂၄(သောကြာနေ့)ညနေ ၆:၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၄ ရက်၊ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်တွင် ၁၄-၃-၂၀၂၄ရက်၊ နံနက် ၇ နာရီမှ နံနက် ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးရဲမင်းလွင်
### B.E(Mechanical)
### Marine Engineer Officer Class 1.
### Chief Engineer Officer
### အသက်(၅၆)နှစ်

ပဲခူးမြို့၊ အမှတ် ၄၆၇၊ အောင်မြေသာရပ်ကွက်နေ ဦးသိန်းလွင်-ဒေါ်စိန်စိန်မြင့်တို့၏သားလတ်၊ ရန်ကုန်မြို့နေ ဦးခင်အေး-ဒေါ်ခင်မေကြည်တို့၏သားသမက်၊ ဒေါ်သီသီလွင်၏မောင်၊ ဦးဇော်မင်းလွင်-ဒေါ်ချိုချိုမြင့်တို့၏အကို၊ ဒေါ်စန္ဒာနွယ်၏ ခင်ပွန်း၊ မောင်ထင်လင်းဦး၏ ဖခင်ဖြစ်သူ ဦးရဲမင်းလွင် BE(Mechanical) (RIT 85-94 Batch) Marine Engineer Officer Class 1 -Chief Engineer Officer အသက် ၅၆နှစ် သည် ၉-၃-၂၀၂၄ရက်၊(စနေနေ့) နံနက်၁ နာရီတွင် ပဲခူးမြို့တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၃-၂၀၂၄ရက်၊(တနင်္လာနေ့) နံနက် ၁၁နာရီတွင်ပဲခူးမြို့ ဆင်ဖြူကွင်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ပို့ဆောင်လိုက်ပါလိုသူ မိတ်ဆွေ သူငယ်ချင်းများအား အကြောင်းကြား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက် အမှတ်-၆၆၈/က၊ မြေကွက်တည် နေရာအမှတ်-၆၆၈၊ ဇေယျာအေးမြ-၁ လမ်း၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးစိန်မြင့် ၁၂/သဃက(နိုင်) ၀၂၇၁၅၁) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၂၈/၂၀၂၂ ဖြင့် ဒေါ်တင်တင်ဝင်းမှ (တရားလို)ပြု၍ ဦးစိန်မြင့်အပေါ် (တရားပြိုင်)ထားကာ ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်၍ မှတ်ပုံတင်ပေးစေလိုမှုစွဲဆိုခဲ့ရာ စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၂၃-၈-၂၀၂၂ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၇၅/၂၀၂၂ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စားမြေပုံ/မြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း ၂၅-၁၁-၂၀၂၂ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာ ခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အောင်ဇမ္ဗူ မြေကွက်အမှတ်( ၃၂၈)၊ ဧရိယာ(၀.၁၁၇)ဧကရှိ ဒေါ်တင်မိုးဝင်း(ဘ) ဦးဝင်းကြည် ၁၂/အစန(နိုင်)၀၀၈၉၉၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်သူ(ဘ)ဦးထွန်းမြင့် ၆/ထဝန(နိုင်) ၀၇၇၉၁၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်ဝေ
### အသက် (၆၆)နှစ်

ဦးကျော်မြင့်(ခ)ဦးဟိုက်တင်း(အောင်ရတနာဆေးရုံ)၏ဇနီး ဒေါ်မြင့်မြင့်ဝေသည် ၆-၃-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အောင်ရတနာဆေးရုံမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၀၊ မြေကွက်အမှတ် (၆၂၃)၊ အကျယ် (ပေ ၄၀xပေ ၆၀)၊ ရှိ ဦးတလုပ်(ဘ)ဦးပေါက်စီ (MKA-093691) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ မြေချပါမစ်နှင့် ငွေသွင်းချလန်တို့မှာ သက်ဆိုင်ရာဌာနမှ ထုတ်ထားပေးသည့် အစစ်အမှန်မူရင်းများဖြစ်ကြောင်း၊ စီမံခန့်ခွဲခွင့်/လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာ (၁၂/ဒဂတ(နိုင်)၀၂၇၈၉၉)၊ အမှတ်- ၁၀၅၈၊ မင်းကွန်းလမ်း၊ ၆၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁) LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၅၁၉၇၉၃၂**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နီဗွာန် ၈လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊ မြေကွက်အမှတ်-၈၅ (ခ)၊ မြေဧရိယာ (၁.၃၈၇)ဧက ကျယ်ဝန်းသည့် မြေပိုင်မြေအမျိုးအစားမြေပေါ်တွင် ဆောက်လုပ်ထားသော Royal Thiri Condo ဟုခေါ်တွင်သော ကွန်ဒိုအဆောက်အအုံ၏ Tower-D, Level-6၊ အခန်းအမှတ်-၆၀၅၊ အခန်းအကျယ်အဝန်း-၆၆၆ စတုရန်းပေကျယ်ဝန်းသည့် ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်း၏ တွယ်ကပ် ပစ္စည်းများအပါအဝင် ဝန်ဆောင်မှုအရပ်ရပ်၊ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း၊ မိတ္တူမူရင်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှန်တကယ်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်အေးအေးမော်(၁၂/လသန(ဧည့်)၀၀၁၁၉၂)နှင့် ဦးထက်အောင်(၁၂/လသန(နိုင်)၀၂၃၆၃၃)တို့မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးမင်းမင်းလူ (၁၂/လသန(နိုင်)၀၂၂၅၈၀)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်တော့်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**ဦးမင်းမင်းလူ (၁၂/လသန(နိုင်)၀၂၂၅၈၀)**
**အမှတ်-၁၀၈၊ ၁၆ လမ်း၊ အမှတ် (၇) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၆၃၉၃၇၇၇၂**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့ ၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၈ᵃ/ငါးလိုက်ချောင်း၊ ဦးပိုင်အမှတ်(၃ᵞ)၊ ဧရိယာ(၀.၄၄၉)ဧကရှိ ဒေါ်အေးအေးမြင့်(ပါ )၇ ဦး (ဒေါ်အေးအေးမြင့်၊ ဦးမြင့်လွင်၊ ဦးခင်ဇော်၊ ဦးကြည်ဝေ၊ ဒေါ်ကြည်ကြည်ဦး၊ ဦးအောင်ကျော်ညွန့်၊ ဦးသက်ဇော်ညွန့်) အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဦးကြည်ဝေ(ပါ)၂ ဦး (ဦးကြည်ဝေ၊ ဒေါ်မိုးမိုးအေး)တို့မှ မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်အမှတ်(၁၅၅/၂၀၂၃) အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၂/၂၀၂၃၊ ၈၃၄/၂၀၂၃)နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးကြည်ဝေ ၉/ပမန(နိုင်)၀၁၀၄၉၁ နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သက်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်လုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခိုင်ဇင်သက် ၁၁/သတန(နိုင်)၀၈၉၉၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဇင်သက်နှင့် ဦးဟိန်းသက်ပိုင်တို့သည် ၂၀၁၉ခုနှစ် ဇွန်လတွင် လက်ထပ်ပေါင်းသင်းခဲ့သော်လည်း ခင်ပွန်းဖြစ်သူ ဦးဟိန်းသက်ပိုင်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ ၎င်း၏စိတ်သဘောအတိုင်း နေအိမ်မှထွက်ခွာသွားပြီး ယခုထိ ဆက်သွယ်ပေါင်းသင်းခြင်းမရှိသောကြောင့် ခင်ပွန်းအဖြစ် မသက်ဆိုင်ကြောင်း၊ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် [LL.B, D.B.L]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၂၀)**
**အမှတ် (၄၈)၊ (၇-လွှာ)၊ သတိပဋ္ဌာန်လမ်း၊**
**ကျားကွက်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း - ၀၉-၂၅၄၆၁၂၂၈**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ ရွှေဘို၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀.၄၈၁)ဧကရှိ ဒေါ်အေးအေးမြင့်(ပါ )၇-ဦး (ဒေါ်အေးအေးမြင့်၊ ဦးမြင့်လွင်၊ ဦးခင်ဇော်၊ ဦးကြည်ဝေ၊ ဒေါ်ကြည်ကြည်ဦး၊ ဦးအောင်ကျော်ညွန့်၊ ဦးသက်ဇော်ညွန့်)အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကြည်ဝေ(ပါ)၂-ဦး(ဦးကြည်ဝေ၊ ဒေါ်မိုးမိုး အေး)တို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၅၅/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်အမှတ်(၁၅၆/၂၀၂၃)၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၃၁/၂၀၂၃၊၈၃၃/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကြည်ဝေ ၉/ပမန(နိုင်)၀၁၀၄၉၁နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/ မြေရာ ဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီးမိုးကုတ်မြို့၊ ကသဲရေဦးကြီးရပ်ကွက်နေ(ဘ) ဦးသေ့ချံဘာဒူး ၏သား မောင်ဆန်သို(စ်) ၉/ မကန(နိုင် )၁၆၉၂၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၅၄၂၆၄၃၂

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်ဟ-၂၊ ဦးပိုင်အမှတ် (၈၁-ခဲစင်း) ၇၂x၇၃လမ်း၊၁၁၆x၁၁၇ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးဇော်ဦး ၉/မနတ(နိုင်)၀၁၉၁၈၃၏ (SPရရှိသူ ဒေါ်တင်တင်အေး)က အမှုတွဲအမှတ် ၇၆၅၆/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်းဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေးပဲဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှကောက်နုတ်ချက်)

## ဆီးရီးယားအသင်းနှင့်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့်ဖွဲ့စည်း

**ရန်ကုန် မတ် ၉**

ယခုလအတွင်း ဆီးရီးယားလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၁ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပြည်တွင်း၊ ပြည်ပကလပ်များတွင် ကစားနေသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၁ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ မတ် ၂၆ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည်

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## MNL Cup ပြိုင်ပွဲ အုပ်စုတတိယနေ့ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၉

**၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စုတတိယနေ့ကို မတ် ၉ ရက်က ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ တက္ကသိုလ်နှင့် Glory Goal အသင်း အနိုင်ရခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။**


ရခိုင်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက် ယှဉ်ပြိုင်ကစားစဉ်။

ရာသီကြိုပြင်ဆင်မှု များစွာပြုလုပ်ထားပြီး နိုင်ငံခြားသားကစားသမားများ၊ နာမည်ကြီးပြည်တွင်းကစားသမားများ ခေါ်ယူအားဖြည့်ထားသည့် ရခိုင်အသင်းသည် မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းမှာမူ နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး နာမည်ကြီး ရှမ်းယူနိုက်တက်အသင်းကို ဖိအားပေးနိုင်ခဲ့သည်။

နှစ်သင်းစလုံးအမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း ရခိုင်ယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ထားပြီး ကျော်ကိုကို၊ ကောင်းစည်သူတို့ကို အရန်လူစာရင်း၌သာ ထည့်သွင်းခဲ့သည်။ MNL မှ တန်းဆင်းလာရသည့် ကချင်ယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်အသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး

*စာမျက်နှာ ၁၅ ကော်လံ ၅* ○

ယနေ့ သ တင်း အ ညွှန်း

**အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးမြေပြိုမှုကြောင့် ၁၀ ဦးသေဆုံးပြီး ၁၀ ဦး ပျောက်ဆုံး**



နိုင်ငံတကာသတင်း စာ ၁၃

**ရန်ကုန်မြို့နဲ့ မဝေးလှတဲ့ နေရာက ဆိတ်ငြိမ် ကမ္ဘာလေး ဘူးလယ်အင်းဗီလာ**



ရွှေနိုင်ငံ မြင်ကွင်းကျယ် စာ ၁၈

## ဖာနန်ဒက်စ်၊ ရက်ဖို့ဒ်တို့၏ ပယ်နယ်တီသွင်းဂိုးများဖြင့် မန်ယူအသင်း အဲဗာတန်ကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂၈) မှ မတ် ၉ ရက် ည ၇ နာရီက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် အဲဗာတန်အသင်း ပွဲစဉ်တွင် မန်ယူအသင်းက ဖာနန်ဒက်စ်၊ ရက်ဖို့ဒ်တို့၏ ပယ်နယ်တီသွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။



အဲဗာတန်အသင်းသည် ချေပဂိုးရရှိရေး နီးစပ်မှုများရှိခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားအသုံးမချနိုင်ခဲ့သည့်အတွက် ချေပဂိုးများနှင့် ဝေးကွာကာ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖